ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့၊ (11-9-2004) (၄၃၅၃)


တပေါ စ
တော် မင်္ဂလ မုတ္တမ်။

ကြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။



ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့် တပ်မတော်စစ်သေနာပတိချုပ် General Somdhat Attanandအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (ယာပုံ)နှင့် ထိုင်းဘုရင့် တပ်မတော်စစ်သေနာပတိချုပ် General Somdhat Attanand နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (အောက်ပုံ) (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel Kasam Nakpun တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၁၁-၉-၂၀၀၄
(စနေနေ့)

# ကိုယ်ပိုင်စွမ်းပကားဖြင့် တံတားများတည်ဆောက် အတတ်ပညာနှင့် အတွေ့အကြုံများ ဆက်လက်ဖြန့်ဝေ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်လျက်ရှိရာတွင် စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး တည်ဆောက်လျက်ရှိသည်။

တစ်ချိန်တည်းတွင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကကျသော လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရန် ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်နယ်နှင့် တိုင်းနယ်မြေဒေသများအလိုက် ရေကြောမြေကြော ဆက်စပ်လာပြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းသစ်များ ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းမများ အဆင့်မြှင့်တင်ခြင်း၊ တံတားသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း လမ်းများ၊ တံတားများကို တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ လမ်းမိုင်ပေါင်း ၁၈၆၀၀ ခန့်နှင့် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၁၇၂စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ လမ်းနှင့်တံတားများသည် မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်မှုများမှ ပေါ်ထွက်လာသော တိုးတက်ဖြစ်ထွန်းမှု ရလဒ်ကောင်းများပင်ဖြစ်သည်။

ယခုအခါ မန္တလေးတိုင်း မန္တလေးမြို့တွင် ဧရာဝတီမြစ်ကူးတံတားကြီးတစ်စင်းကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ ဧရာဝတီတံတား(ရတနာပုံ)ကို မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းတို့မှ တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိပြီး တံတား၏အရှည်မှာ ၅၆၁၄ ပေ ရှိမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် မန္တလေးတိုင်းခရီးစဉ်အတွင်း စက်တင်ဘာလ ၇ရက်နေ့က မန္တလေးမြို့ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တံတားတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ **ယခုအခါ တံတားများတည်ဆောက်ရာ၌ ဒီဇိုင်းပုံထုတ်ခြင်းအပါအဝင် တည်ဆောက်ရေး လုပ်ငန်းအဆင့်တိုင်းကို မိမိတို့၏ကိုယ်ပိုင်အတတ်ပညာ စွမ်းပကားများဖြင့် တည်ဆောက်နိုင်နေပြီဖြစ်ကြောင်း၊ တံတားအမျိုးအစားအားလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ တည်ဆောက်သွားနိုင်ရန် မိမိတို့ ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်ကြောင်း၊ မိမိတို့ရရှိထားပြီးဖြစ်သော အတတ်ပညာနှင့် အတွေ့အကြုံများကို နောင်လာနောက်သား လူငယ်များအား ဆက်လက်ဖြန့်ဝေပေးနိုင်ကြရမည်ဖြစ်ကြောင်း** မှာကြားသွားသည်။

ဧရာဝတီမြစ်ပေါ်၌ ၁၉၈၈ခုနှစ်ကာလအထိ ဧရာဝတီမြစ်ကူးအင်းဝတံတားတစ်စင်းသာ ရှိခဲ့သည်။ အဆိုပါ ရထားလမ်းနှင့်ကားလမ်း နှစ်လမ်းပါ အင်းဝတံတားကို ၁၉၃၄ခုနှစ်က တည်ဆောက်ခဲ့ရာ တံတားသက်တမ်းမှာ နှစ်ပေါင်း ၇၀ မျှ ရှိခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ဧရာဝတီတံတား(ရတနာပုံ)ကို လက်ရှိ အင်းဝတံတား၏ အထက်ရေဆန်ဘက် ပေ ၂၀၀၀ ခန့်အကွာ၌ ထပ်မံတည်ဆောက်ခြင်းဖြစ်သည်။ ယခုအခါ ဧရာဝတီတံတား(ရတနာပုံ)ကို ဝန်အလေးချိန်တန် ၆၀ ခံနိုင်သည့် လေးလမ်းသွား သံမဏိသံပေါင်တံတားကြီးအဖြစ် တည်ဆောက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ၍ ဧရာဝတီမြစ်ပေါ်၌ တံတားကြီးများကို တည်ဆောက်ပေးခဲ့သဖြင့် ပဲခူးတိုင်းတွင် နဝဒေးတံတား၊ ဧရာဝတီတိုင်းတွင် မအူပင်တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ဧရာဝတီတံတား(ဒေးဒရဲ)၊ ကချင်ပြည်နယ်တွင် ဗလမင်းထင်တံတား၊ မကွေးတိုင်းတွင် အနော်ရထာတံတားနှင့် ဧရာဝတီတံတား(မကွေး)တို့ ပေါ်ထွန်းလာခဲ့ပြီဖြစ်ရာ ပြည်သူများ လွယ်ကူလျင်မြန်စွာ ဆက်သွယ်ကူးသန်းသွားလာလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာအင်ဂျင်နီယာများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အတတ်ပညာစွမ်းပကားဖြင့် တံတားကြီးပေါင်း မြောက်မြားစွာကို အောင်မြင်စွာ တည်ဆောက်ပေးနိုင်လျက်ရှိရာ မိမိတို့ရရှိထားပြီးဖြစ်သော တံတားတည်ဆောက်ရေး အတတ်ပညာနှင့် အတွေ့အကြုံများကို နောင်လာနောက်သား လူငယ်များအား ဆက်လက်ဖြန့်ဝေ လက်ဆင့်ကမ်းနိုင်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရှေးဦးပြုစု လူမှုကရုဏာ အပေါင်းလက္ခဏာ

## ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ဆောင်းပါး

### တက္ကသိုလ်ဇော်ထူးဦး

ကမ္ဘာတွင်ဖြစ်ရပ် အကြောင်းအရာ လှုပ်ရှားဆောင်ရွက်မှုများစွာအတွက် အထိမ်းအမှတ်နေ့ရက်များကို သတ်မှတ်ကာ ကျင်းပလျက်ရှိကြသည်။ အဆိုပါ အထိမ်းအမှတ်နေ့များစွာအနက် ထပ်မံပေါ်ထွက်လာသောနေ့မှာ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (World First Aid Day) ပင်ဖြစ်သည်။

အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင်နိုင်ငံပေါင်း ၁၈၁ နိုင်ငံပါဝင်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (International Federation of Red Cross and Red Crescent Societies) မှ လူသားတို့၏ အသက်နှင့်ခန္ဓာ တည်မြဲရေးကို ဆောင်ရွက်ပေးနိုင်သော ရှေးဦးပြုစုခြင်းအတတ်ပညာကို အလေးအနက်ထား ဖော်ညွှန်းလိုခြင်း၊ ဂုဏ်ပြုလိုခြင်းအတွက် ရည်ရွယ်ကာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၀ပြည့်နှစ်တွင် ဥရောပ ၁၆နိုင်ငံ ကြက်ခြေနီအသင်းများက ရှေးဦးပြုစုခြင်းနေ့ကို စတင်ကျင်းပခဲ့ပြီး၊ ၂၀၀၁ခုနှစ်တွင် အမေရိက အလယ်ပိုင်းဒေသအတွင်းရှိ ကြက်ခြေနီအသင်းများကပါ ကျင်းပလာကြသည်။ ၂၀၀၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ စည်းရုံးလှုံ့ဆော်မှုဖြင့် ကမ္ဘာတစ်ဝန်း ကျင်းပသွားရန် ဆုံးဖြတ်ခဲ့သည်။ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို နှစ်စဉ် စက်တင်ဘာလ ဒုတိယပတ်(စနေနေ့)၊ ဒေသစံတော်ချိန် ၁၁နာရီတွင် တစ်ပြိုင်နက်တည်း ကျင်းပကြရန် ဖြစ်သည်။ ဆောင်ပုဒ်မှာ First Aid: a gesture of humanity which makes the difference- "ရှေးဦးပြုစု လူမှုကရုဏာ အပေါင်းလက္ခဏာ" ဖြစ်သည်။

ရှေးဦးပြုစုခြင်းအတတ်ပညာသည် ကြက်ခြေနီလှုပ်ရှားမှု၏ ပုံရိပ်တစ်ခုဖြစ်သည်။ ဤအတတ်ပညာသည် စစ်မြေပြင်တွင် ထိခိုက်ဒဏ်ရာရသူများအား အသက်မဆုံးရှုံးစေရန် အရေးပေါ်ပြုစုပေးရန် ရည်ရွယ်ကာ တီထွင်ခဲ့သော နည်းစနစ်များဖြစ်ပြီး ငြိမ်းချမ်းစဉ်ကာလတွင် ပြည်သူလူထုအတွင်း ဖြစ်ပွားလေ့ရှိသော မတော်တဆ ထိခိုက်အနာတရဖြစ်မှုနှင့် ရုတ်တရက် ဖြစ်ပေါ်ခံစားရသော ရောဂါဝေဒနာများကို သက်သာစေရန် ရည်ရွယ်သည်။

မျက်မှောက်ခေတ်ကာလ ကြက်ခြေနီလုပ်ငန်းများသည် ယခင်က ဆောင်ရွက်ခဲ့သည့် ဘေးအန္တရာယ်ကျရောက်သည့်အခါမှ ဒုက္ခသည်များ (Victims)ကို ကူညီကယ်ဆယ်ပြုစုပေးမှု သက်သက်မဟုတ်တော့ဘဲ ဘေးအန္တရာယ်ကျရောက်နိုင်သူများ (Vulnerables) ကိုပါ ဦးတည်လုပ်ဆောင်လျက်ရှိပေသည်။ သို့အတွက် သမားရိုးကျ ထိခိုက်အနာတရဖြစ်သည့်အခါမှ ပြုစုပေးရန် ရည်ရွယ်ခဲ့သည့် ရှေးဦးပြုစုခြင်းအတတ်ပညာသည် ယနေ့ခေတ်တွင် လူထုကို အခြေပြုသော လူမှုရေးဆိုင်ရာနှင့် ကျန်းမာရေးကိစ္စများကိုပါ ဆောင်ရွက်လျက်ရှိသည်။

၁၉၉၉ခုနှစ် အောက်တိုဘာလတွင် ဂျီနီဗာမြို့တွင် ကျင်းပသော (၁၂)ကြိမ်မြောက် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အထွေထွေညီလာခံတွင် ရှေးဦးပြုစုခြင်းဆိုင်ရာ ပေါ်လစီကို ချမှတ်ခဲ့သည်။ အဆိုပါပေါ်လစီကို အခြေခံပြီး အမျိုးသားကြက်ခြေနီအသင်းများက မိမိတို့နိုင်ငံအလိုက် ရေးဆွဲချမှတ်ကြသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ရှေးဦးပြုစုခြင်းမူဝါဒကို ၂၀၀၃ခုနှစ်တွင် ရေးဆွဲချမှတ်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်ငန်းစဉ်သုံးရပ်ဖြစ်သော ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီရန်ကို အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါလုပ်ငန်းစဉ်များနှင့် အကျုံးဝင်နေသော ရှေးဦးပြုစုခြင်းအတတ်ပညာကို လူထုအတွင်း တတ်မြောက်ကာ လူထုများကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏မိသားစုနှင့် ပတ်ဝန်းကျင်ကိုပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

ရှေးဦးပြုစုခြင်းအတတ်ပညာဖြင့် လူသားတစ်ဦးအား ကယ်တင်ပေးနိုင်ခဲ့သည့်အတွက် မြန်မာကို ကမ္ဘာကသိခဲ့သည့် ဖြစ်ရပ်တစ်ခုရှိခဲ့သည်။ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သော စိုင်းအောင်လှိုင်မြင့်သည် ကချင်ပြည်နယ် မြစ်ကြီးနားတစ်ဖက်ကမ်းရှိ ခတ်ချို ကူးတို့ဆိပ်တွင် ကားနှင့်အတူ ရေထဲနစ်မြုပ်ပါသွားသော တပ်မတော်သားတစ်ဦးကို ရေထဲဆင်းကာ ဆယ်ယူပြီး ရှေးဦးပြုစုခြင်းအတတ်ပညာဖြစ်သော အသက်ရှူအားကူနည်းဖြင့်ပြုစုကာ အသက်ကို အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့သည်။ သို့အတွက် စိုင်းအောင်လှိုင်မြင့်အား ၁၉၇၇ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ဟင်နရီဒူးနန့် ဆုတံဆိပ်ကို ချီးမြှင့်ခဲ့သည်။

ရှေးဦးပြုစုခြင်းအတတ်ပညာသည် ယနေ့ကမ္ဘာတွင် အလွန်ရေပန်းစားပြီး အသက်အန္တရာယ်နှင့်နီးကပ်စွာ လုပ်ဆောင်နေရသော လုပ်သားများအတွက်လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဌာန၊ ကျောင်းများရှိ ဝန်ထမ်းများအတွက်လည်းကောင်း မတတ်မဖြစ် တတ်ထားသင့်သကဲ့သို့ အိမ်တိုင်းရှိ မိသားစုတစ်စုတွင် အနည်းဆုံးတစ်ဦးစီ တတ်ထားသင့်သော အတတ်ပညာလည်းဖြစ်သည်။

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့သည် အဆိုပါ ရှေးဦးပြုစုခြင်းအတတ်ပညာကို အလေးအနက်ထားကာ ရှေးဦးပြုစုသူများ၏ ပြုစုလိုက်မှုကြောင့် ဝေဒနာသက်သာပျောက်ကင်းသည့် အကျိုးတရားကို အသိအမှတ်ပြုဂုဏ်ပြုခြင်းဖြစ်သည်။ သင်သည် ရှေးဦးပြုစုတတ်သူဖြစ်လျှင် သင်ပြုစုကူညီပေးလိုက်သောကြောင့် အသက်ချမ်းသာရသွားသည်ဟူသော ပီတိကို ခံစားရရှိနိုင်မည် ဖြစ်ပေသည်။ ။

## ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

World First Aid Day

**ရှေးဦးပြုစု လူမှုကရုဏာ အပေါင်းလက္ခဏာ**

First Aid : a gesture of humanity which makes the difference

**စက်တင်ဘာလ(၁၁)ရက်**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**



**ကွယ်လွန်သူ ဦးတင်ဝင်း (အုပ်ချုပ်ရေးမှူး-ငြိမ်း၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့) အား ရည်စူး၍ အမှတ် (၄၁၁)၊ ၁၀ လမ်း ၁၀ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဇနီး ဒေါ်တင်အေးချို မိသားစုက ဗိုဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းကို စက်တင်ဘာ ၉ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။** (က-ပ)

**တောင်ဥက္ကလာပမြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဆုနှင်းသဘင် အခမ်းအနားကို စက်တင်ဘာ ၅ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းသန်းက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မအိမ့်ဖြူဖြူဖွေးအား ဆုချီးမြှင့်စဉ်။** (က-ပ)



## မိုးရာသီတံခွန်စိုက် ခြင်းခတ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ ခြင်းလုံးခတ်အဖွဲ့ချုပ်မှ ကြီးမှူး၍ ၂၀၀၄ခုနှစ်(၂၃)ကြိမ်မြောက် မိုးရာသီတံခွန်စိုက် ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ်မြောက် ခြင်းလုံးအားကစားရုံပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံတွင် စက်တင်ဘာ ၂၀ရက်နှင့် ၂၁ရက်တို့တွင် နေ့စဉ် မွန်းတည့် ၁၂နာရီမှစ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အားကစားဝါသနာရှင်များသည် ဝင်ကြေးမရှိ လာရောက်အားပေး ကြည့်ရှုနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၀

**ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေးအထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။**

## တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးညွှန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဘင်ခရာအဖွဲ့နှင့်တွဲဖက်၍ “မြန်မာ့ကျောင်း”သီချင်းကို သီဆို၍လည်းကောင်း၊ ဂုဏ်ပြုသရုပ်ပြ၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျောင်းသူလေးများဖြစ်ကြသည့် မလှလှမြင့်ဌေးနှင့် မဟန်သွယ်ဖြိုးတို့က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကျော်ဝင်းတို့က ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



**ဒဂုံမြို့နယ်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကျော်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များသည် ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖြစ်သည့် Computer Application Room၊ Language Lab (1)၊ Language Lab (2)(Audio System)၊ ရသခန်း(ပန်းချီ)၊ Computer Aided Instruction Room၊ Electronic Media (Audio System)၊ Printed Media (Reading Corner)၊ Electronic Media (Video System)နှင့်အိမ်တွင်းမှုသိပ္ပံခန်းတို့၌ ဆရာ၊ ဆရာမများ၏ သင်ကြားပို့ချနေမှုနှင့် ကျောင်းသား၊ ကျောင်းသူလေးများ၏ သင်ယူလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို အဆိုပါကျောင်း မြို့မခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသူလေးများဖြစ်ကြသည့် မနန့်စိုးစန္ဒာဝင်းနှင့် မဟန်နီထွန်းတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

## ဖျော်ဖြေတင်ဆက်

အစီအစဉ်အရ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက “Come and see Myanmar” သီချင်း၊ ကျောင်းသူ မနှင်းသီဂီဦးက “ရွှေနှင်းဆီအလှခေတ်(၃)ခေတ်အက”နှင့် ကျောင်းသား၊ ကျောင်းသူလေးများက “ပြည်ထောင်စုအားမာန်–လေ့ကဟန်” အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ အဆင့်မြှင့်ဖွဲ့စည်းထားရှိမှုကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသာထွန်းက မာလ်တီမီဒီယာအီလက်ထရောနစ်ပစ္စည်းများ တိုးချဲ့တပ်ဆင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အလှူငွေပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေးအထောက်အကူပြုစာသင်ခန်းသုံး ပစ္စည်းများအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကွန်ပျူတာတစ်လုံးကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကွန်ပျူတာတစ်လုံးကိုလည်းကောင်း ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ယင်းနောက် ဒဂုံမြို့နယ် ပြည်လမ်း အနောက်ရပ်ကွက် မိဘပြည်သူများက ကွန်ပျူတာတစ်စုံ၊ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်း အကျိုးတော်ဆောင်အဖွဲ့က ကွန်ပျူတာ တစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်ကြသည်။



**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲအခမ်းအနားအပြီး ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွင်း ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ မြို့မဖခင် ဆရာကြီး ဦးဘလွင်နှင့် မိခင် ဒေါ်သန်းညွှန့်တို့အား အမှူးပြု၍ ကပ္ပတိန်မျိုးညွှန့်–ဒေါ်စုစုလွင်၊ ဒေါက်တာကြည်မောင်အေး–ဒေါက်တာမေသူမျိုးညွှန့်၊ ယမင်းမျိုးညွှန့်၊ သားသမီးမြေးမြစ်တစ်စုက ငွေကျပ် ၁၃၄၃၁၀၀၊ အထက(၃) ဒဂုံကျောင်းသူဟောင်း အကယ်ဒမီသုံးထပ်ကွမ်းဆုရှင် ဒေါ်ခင်သီတာထွန်းက ငွေကျပ်သုံးသိန်း၊ဦးဇော်ဝင်း–ဒေါ်ခင်မြတ်စိုး၊ သား မောင်ဟိန်းထက်ကျော်တို့က ငွေကျပ်တစ်သိန်းငါးသောင်းနှင့် အထက(၃) ဒဂုံကျောင်းသူဟောင်း Iron Cross တေးသံသွင်းမှ ဒေါ်ခင်ချမ်းသာက ငွေကျပ်တစ်သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဦးဌေးအောင်–ဒေါ်ဌေးဌေးညွှန့်၊ ဦးငွေထွန်း–ဒေါ်ခင်အုန်းမြင့်၊ ဦးအေးသွယ်–ဒေါ်မာမာခိုင်၊ ဦးဝင်းနိုင်–ဒေါ်ခင်နွဲ့၊ ဦးသိန်းထွန်း–ဒေါ်ခင်ဌေးမြင့် ပြည်လမ်းအနောက်ရပ်ကွက်၊ ဦးလွန်းစိန်–ဒေါ်လီလီမြင့်နှင့် ဦးကျူးခင် ပြည်လမ်းအနောက်ရပ်ကွက်၊ ဦးစစ်ဆွေ–ဒေါ်ခင်သန်း မနော်ဟရီလမ်း၊ ဦးသိန်းထွန်း MGS., Co. ပြည်ထောင်စုရိပ်သာလမ်း၊ ဒေါ်သန်းနု(ခေါ်) ဒေါ်နု(ဒေါ်နုမိသားစု အလှူ မင်္ဂလာပစ္စည်း အမျိုးမျိုးအငှားဌာန)လှိုင်မြို့နယ်တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွှန့်နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က လက်ခံယူကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်လှစ်နိုင်ရေး၊ ခေတ်မီနည်းပညာများကို ကျောင်းစာသင်ခန်းများ၌ ထိရောက်စွာအသုံးပြုရေးနှင့် ထူးချွန်ထက်မြက်သည့် လူ့အရင်းအမြစ်များ မွေးထုတ်နိုင်စေရေးတို့အတွက် ပညာရေးဝန်ကြီးဌာနက အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား၊ကျောင်းသူလေးများက “ဓာတိမာန်”သီချင်းကိုသီဆို၍ နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# စစ်ပွဲအတွင်း အပြစ်မဲ့အီရတ်ပြည်သူ တစ်သောင်းကျော်သေဆုံးရ

ဘဂ္ဂဒက် စက်တင်ဘာ ၉

**အီရတ်စစ်ပွဲသည် ယမန်နှစ်ကစ၍ ဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲကြောင့် ဘဂ္ဂဒက်မြို့နှင့် အနီးပတ်ဝန်းကျင်မြို့များ၌ ရတ်တရက်ပြင်းထန်စွာ ထိနိုက်သေဆုံးရသူ အီရတ်ဦးရေသည် ၁၀၃၆၃ ဦး ရှိသွားပြီဖြစ်ကြောင်း ရိုက်အိုမာဆေးခန်းမှတ်တမ်းမှ ကောက်ယူပြုစုထားသော စာရင်းအရ သိရသည်။ ကားဗုံးပေါက်ကွဲမှုများ၊ အီရတ် ခုခံရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုများ၊ စိန်ပြောင်းဒဏ်ခံရမှုများ၊ လက်စားချေလုပ်ကြံမှုများနှင့် ဓားပြများ၏ သတ်ဖြတ်မှု စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသူများပါဝင်သည်။**

အမေရိကန်များသည် အီရတ်စစ်မြေပြင်၌ သေဆုံးရသူ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ကျော်တို့အတွက် ပူဆွေးသောက ရောက်နေရသည်။ သို့သော်လည်း ၎င်းတို့၏ သေဆုံးမှုစာရင်းများမှာ အီရတ်သေဆုံးမှုများနှင့် ပတ်သက်သော စိတ်ချယုံကြည်ရသည့် တရားဝင် စာရင်းဇယားများရရှိနိုင်ခြင်းမရှိပေ။

သို့ရာတွင် ပုဂ္ဂလိကများ၏ ခန့်မှန်းချက်အရ သေဆုံးသူ အီရတ်ဦးရေမှာ ၁၀၀၀၀ ကျော်မှ ၃၀၀၀၀ ကျော်အထိ အမျိုးမျိုးကွဲပြားနေသည်။ ထိုသေဆုံးမှုခန့်မှန်းချက်မှာ အမေရိကန်က အီရတ်ကို စတင်ကျူးကျော်သော ၂၀၀၃ ခုနှစ်မှစ၍ ကောက်ယူပြုစုထားခြင်းဖြစ်သည်ဟု ဆိုသည်။ ရိုက်အိုမာဆေးခန်းမှတ်တမ်းဟုအမည်ရသော ရတ်တရက်ဥပစ္ဆေဒကကံဖြင့် သေဆုံးရသည့် အီရတ်ဦးရေမှာ အီရတ်နိုင်ငံရှိ ပြည်နယ်ဒေသ ၁၈ ခုတို့မှ ရယူပြုစုထားခြင်းဖြစ်သည်။ သို့ရာတွင် ထိုစာရင်းတွင် တိုက်ခိုက်မှုပြင်းထန်လှသော နာဂျက်ဖ်မြို့၊ ကာဘာလာမြို့၊ ဖော်လူဂျာမြို့၊ တီကရစ်မြို့နှင့် ရာမာဒီမြို့များမှ သေဆုံးရသောဦးရေများ ပါဝင်ခြင်းမရှိပေ။

စာရင်းပြုစုထားသော သေဆုံးသူများ ဦးရေတွင် ခုခံတိုက်ခိုက်ရေးသမားများ၊ အီရတ်ရဲတပ်ဖွဲ့ဝင်များ၊ စစ်ရဲတပ်ဖွဲ့ဝင်များ၊ အရပ်သူ၊ အရပ်သားအမျိုးသား၊ အမျိုးသမီးနှင့် ကလေးများအထိ ပါဝင်ကြောင်း သိရသည်။ ဤနေရာတွင် တိုက်ပွဲအကြား ညှပ်မိ၍ သေဆုံးရသူများ၊ ဗုံးပေါက်ကွဲ၍ တစ်စစီဖြစ်သွားရသူများ၊ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များက မှားယွင်းပစ်ခတ်၍ သေဆုံးရသူများ စသည်ဖြင့် အကြောင်းရင်းမျိုးစုံတို့ကြောင့် သေဆုံးရသူများကို ကောက်ယူပြုစုထားခြင်းဖြစ်၏။ ထို့အပြင် ဆက်ဒမ်အစိုးရ ဖယ်ရှားခံခဲ့ရပြီးနောက်ပိုင်း နိုင်ငံအတွင်း၌ ဖြစ်ပေါ်လာသော ရာဇဝတ်မှုများကြောင့် သေဆုံးရသူများ၏ စာရင်းများလည်း ယခုစာရင်းတွင် အပါအဝင်ဖြစ်ကြောင်းသိရသည်။ စာရင်းပြုစုရာ၌ ရှုပ်ထွေးခက်ခဲသည့် သဘောရှိသောကြောင့် သေဆုံးရမှု အများအပြားတွင် အဘယ်ကြောင့် သေဆုံးရသည်ကို မှတ်တမ်းပြုစုရာ၌ ပြည့်စုံအောင် ဖော်ပြနိုင်ခြင်း မရှိသည်ကိုလည်း တွေ့ရသည်။

အီရတ်ကို အမေရိကန်တို့ ဆင်နွှဲသော ကျူးကျော်သောစစ်မှာ ယခုနှစ် ဇွန် ၂၈ ရက်တွင် တရားဝင်ပြီးဆုံးသွားပြီဟုဆိုသည်။ စစ်ပွဲစသည်မှ ထိုအချိန်အကြားကာလအတွင်း သေဆုံးရသော အီရတ်ပြည်သူဦးရေကို အမေရိကန်အာဏာပိုင်များက ပြုစုကောက်ယူထားနိုင်ခြင်းမရှိကြောင်း ပြောကြားသည်။

အီရတ် ကြားဖြတ်အစိုးရကလည်း အီရတ်လူမျိုးများ သေဆုံးမှုစာရင်းကို ကောက်ယူနိုင်ခြင်းမရှိဘဲ ဖြစ်နေသည်။

အီရတ်၌ ရင်ဆိုင်နေရသော ပြောက်ကျားစစ်မှာရှေ့တန်းစစ်မျက်နှာဟူ၍ သတ်သတ်မှတ်မှတ်မရှိဘဲ ဖြစ်နေသည်။ ထို့အပြင်အီရတ်ပြည်သူ လူငယ်များက အမေရိကန် တင့်ကားကြီးများကိုပင် ဒုံးပစ်လောင်ချာမျှလောက်နှင့် ရင်ဆိုင်တိုက်ခိုက်နေကြသော စစ်ပွဲမျိုးတွင် မည်သူက အရပ်သား မည်သူက ခုခံသူဟူ၍လည်း ခွဲခြားသတ်မှတ်စာရင်းကောက်ယူရန် အခက်အခဲကြီး ခက်ခဲလှသည်ဟု ဆိုသည်။

စစ်ပွဲ၏ ပထမနှစ်၌ပင် သေဆုံးရသာ အီရတ်လူမျိုးဦးရေသည် ၁၀၀၀၀ ကျော်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ပြုစုထားသော စာရင်းဇယားအရ သိရသည်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်အရွယ်မျှရှိသော အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ ထူပြောလှသဖြင့် စာရင်းပြုစုရေးအဖွဲ့များမှ လွတ်လပ်စွာ စာရင်းများကောက်ယူ ပြုစုနိုင်ရေးမှာ မဖြစ်နိုင်သော အခြေအနေရှိကြောင်း သိရသည်။ ***အင်တာနက်။***

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန်နေရာယူနေကြသည့် ရိုးယိုက် ခုခံတိုက်ခိုက်ရေးသမားများကို စက်တင်ဘာ ၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# ဖော်လူဂျာမြို့တွင် ကားဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၉**

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ ဆင်ခြေဖုံးတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အီရတ် တပ်ဖွဲ့ဝင်သုံးဦးတို့ သေဆုံးသွားရာ ယင်းချောင်းမြောင်း တိုက်ခိုက်မှုသည် ငါးလတာကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုတစ်ခုအတွင်း အများဆုံးသေစေခဲ့သည့် တိုက်ခိုက်မှုဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ အမေရိကန်စစ်ဘက် မော်တော်ယာဉ်တန်းအား ချောင်းမြောင်းတိုက်ခိုက်မှုသည် မေလနောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုတစ်ခုအတွင်း အသေအပျောက်အများဆုံး တိုက်ခိုက်မှုဖြစ်သည်။

တွန်းလှန် တိုက်ခိုက်သူများက အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များအား ဘဂ္ဂဒက်အနောက်ပိုင်း ကီလိုမီတာ ၆၅ အကွာရှိ ဖော်လူဂျာမြို့တွင် အပြင်းထန်ဆုံး တိုက်ခိုက်တွန်းလှန်ခဲ့ခြင်းဖြစ်သည်။ အမေရိကန် တပ်ဖွဲ့ဝင်များက ရက်သတ္တသုံးပတ်အကြာ ဖော်လူဂျာမြို့ကို သိမ်းပိုက်ထားခဲ့ပြီးနောက် ဖော်လူဂျာမြို့အတွင်းသို့ ကင်းလှည့်မှုမရှိခဲ့ပေ။

အမေရိကန်စစ်ဘက်က ဖော်လူဂျာမြို့အတွင်းမှ တိုက်ခိုက်ရေးသမားဟု သင်္ကာမကင်းဖြစ်သည့် နေရာများအား လွန်ခဲ့သည့်လ အနည်းငယ်အတွင်း လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အီရတ်နိုင်ငံသား အများအပြား သေဆုံးခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် ဖော်လူဂျာမြို့မြောက်ပိုင်း ဆက်လာဝီမြို့တွင် ဖြစ်ပွားခဲ့သည်။ ကားနှင့်သယ်ဆောင်လာသည့် အိမ်လုပ်ဗုံး ပေါက်ကွဲသွားသဖြင့် အစောင့်တပ်ဖွဲ့နှင့် မရိန်းတပ်ဖွဲ့ဝင်များ ဖော်လူဂျာမြို့တွင် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းပေါက်ကွဲမှုကြောင့် အမှတ်(၁) မရိန်း ပြည်ပတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် မရိန်းတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အီရတ် အမျိုးသားအစောင့်တပ်ဖွဲ့သုံးဦးတို့ သေဆုံးခဲ့သည်။

ပေါက်ကွဲမှုအား ပြင်းထန်လွန်းသဖြင့် ဗုံးပေါက်ကွဲသွားသည့်ကားမှ အင်ဂျင်စက်သည် မိုးပေါ်သို့ လွင့်စဉ်သွားပြီး အဝေးမှပင်မြင်တွေ့ရကြောင်း စစ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ ၂၀၀၃ ခုနှစ် မတ်လက အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်နိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၀၀၅ ဦး ရှိသွားပြီဖြစ်သည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် အီရတ်ခုခံရေးသမားများ၏ လက်ချက်ကြောင့် မီးလောင်နေသည့် ရေနံပိုက်လိုင်းကို စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ဘဂ္ဂဒက်အနောက်ပိုင်း၌ ကန်စစ်ရဟတ်ယာဉ် ပျက်ကျ

**ဘဂ္ဂဒက် စက်တင်ဘာ ၉**

အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က ပျက်ကျခဲ့ကြောင်း၊ သို့ရာတွင် ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူလေးဦးစလုံး အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**မဖော်ပြ**

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ အမေရိကန် မရိန်းအခြေစိုက်စခန်းမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ရဟတ်ယာဉ် ပျက်ကျသည့်နေရာနှင့် အချိန်အတိအကျကို ဖော်ပြထားခြင်းမရှိပေ။

ထို့အပြင် ပျက်ကျသည့် ရဟတ်ယာဉ်အမျိုးအစားနှင့် ရန်သူ၏ ပစ်ချမှုကြောင့် ပျက်ကျရခြင်း ဟုတ်၊ မဟုတ်ကိုလည်း ကြေညာချက်တွင် ဖော်ပြမထားပေ။

လူလေးဦး လိုက်ပါလာသည့် နိုင်ငံစုံတပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်းပျက်ကျခြင်းဖြစ်ရာ ရဟတ်ယာဉ်အား ပျက်ကျရာနေရာမှ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

**သုံးသပ်နေ**

ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူ လူလေးဦးစလုံးမှာ အသက်အန္တရာယ်စိုးရိမ်ရသည့် ဒဏ်ရာများ ရရှိခြင်းမရှိကြောင်းနှင့် ၎င်းတို့အားလုံးမှာ အပြည့်အဝ ပြန်လည်ကျန်းမာလာမည်ဟု မျှော်လင့်ရကြောင်း၊ ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို လေ့လာသုံးသပ်လျက်ရှိကြောင်း အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

သို့ရာတွင် ဆွန်နီ ခုခံတိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသည့် ဖော်လူဂျာမြို့ တောင်ဘက် မိုင် ၂၀ ခန့်အကွာတွင် ရဟတ်ယာဉ်ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

**ဝဲပျံ**

ရဟတ်ယာဉ်မှာ မီးလောင်နေဆဲဖြစ်ပြီး စစ်လေယာဉ်များကလည်း အခင်းဖြစ်ပွားရာနေရာ၏ ကောင်းကင်ယံတွင် ဝဲပျံနေကြောင်း ဒေသခံတစ်ဦးဖြစ်သူ အာမက်မိုစလာက အေပီသတင်းဌာနသို့ ပြောကြားသည်။ အမေရိကန် စစ်ယာဉ်တန်းတစ်တန်းသည် အခင်းဖြစ်ပွားရာဆီသို့ ဦးတည်မောင်းနှင်သွားကြောင်း ၎င်းက ပြောကြားသည်။

**ပစ်ချခံရ**

၂၀၀၃ ခုနှစ် မေလနောက်ပိုင်း အီရတ်၌ ပျက်ကျခဲ့သည့် အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ် အရေအတွက်မှာ ၂၅ စင်းခန့်ရှိသည်။ ယင်းအနက် ၁၅ စင်းခန့်မှာ ရန်သူတို့၏ ပစ်ချမှုကို ခံခဲ့ရခြင်းဖြစ်သည်။ ***အင်တာနက်။***

# အီရတ်မှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရန် ဂျွန်ကယ်ရီပြောဆို

**ဝါရှင်တန် စက်တင်ဘာ ၉**

အမေရိကန် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းဂျွန်ကယ်ရီက အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များကို လေးနှစ်အတွင်း ပြန်လည်ရုပ်သိမ်းရန် တနင်္လာနေ့က ပြောကြားလိုက်သည်။

မိမိတို့တပ်ဖွဲ့ဝင်များအား ဌာနေပြန်စေလိုကြောင်း၊ မိမိ၏ သမ္မတသက်တမ်းကာလအတွင်း ၎င်းတို့ဌာနေ ပြန်ရောက်ရန် ကြိုးပမ်းရေးသည် မိမိရည်မှန်းချက်ပင်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ပင်ဆီဗေးနီးယားတွင် ခရီးတစ်ထောက် ရပ်နားနေစဉ် မဲဆန္ဒရှင်များအား ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုအနေဖြင့် အီရတ်စစ်ပွဲနှင့် စပ်လျဉ်း၍ ကုန်ကျစရိတ်နှင့်တပ်ဖွဲ့ဝင်များ သေဆုံးမှု စသည့် ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းနေရကြောင်း အနောက်ဗာဂျီးနီးယား ပြည်နယ်မှ သတ္တုတွင်းလုပ်သားများနှင့် တွေ့ဆုံရာတွင် ကယ်ရီက ပြောကြားသည်။ သမ္မတဘုရှ်အနေဖြင့် ငြိမ်းချမ်းရေးဆောင်ကြဉ်းနိုင်မည့် အစီအစဉ်မရှိဘဲ အီရတ်စစ်ပွဲအား အလျင်စလို ဆင်နွှဲခဲ့ကြောင်း၊ စစ်စရိတ် အမေရိကန် ဒေါ်လာ ဘီလျံ ၂၀၀ ရှိနေကြောင်း၊ ယင်းစရိတ်ဖြင့် ကျောင်းများ ဆောက်နိုင်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် သုံးနိုင်ကြောင်း၊ ဆေးဝါးများဝယ်ယူနိုင်ကြောင်း၊ လူမှုဖူလုံရေးအတွက် အသုံးပြုနိုင်ကြောင်း ကယ်ရီက ဆက်လက်ပြောကြားသည်။

အီရတ်စစ်ပွဲသည် နေရာလည်းမှား၊ အချိန်လည်းမှား အမှားကြီးမှားပြီးဖြစ်ပွားခဲ့ရသည့် စစ်ပွဲပင်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ ၂၀၀၃ ခုနှစ် မတ်လနောက်ပိုင်းမှ စတင်၍ အီရတ်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် စက်တင်ဘာ ၈ ရက်အထိ ၁၀၀၅ ဦး ရှိသွားပြီဖြစ်ပြီး တပ်ဖွဲ့ဝင် ၇၅၉ ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပြီး ၂၄၆ ဦးမှာ အခြားအကြောင်းကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




# ပိတ်ပင်မှုများကြောင့် ကျေနပ်စရာဖြစ်ကောင်းဖြစ်မည် သို့သော် အမှန်တကယ်စင်စစ် ကောင်းကျိုးမဖြစ်ပါ

**(၂၀၀၄ ခုနှစ် ဇွန်လ၂၂ရက်နေ့ထုတ် International Herald Tribune သတင်းစာပါ David I Steinberg ၏ Sanctions may be satisfying, but they do no good ဆောင်းပါးမှ ကောက်နုတ်၍ မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်။)**

မြန်မာနိုင်ငံ တပ်မတော်ခေါင်းဆောင်များက အတိုက်အခံပါတီ မပါဝင်ဘဲ အမျိုးသားညီလာခံတစ်ရပ်ကို လွန်ခဲ့သည့်လက ကျင်းပလိုက်သောအခါ တိုးတက်မှုအခွင့်အရေးတစ်ရပ်ကို လက်လွတ်ဆုံးရှုံးရသည်ဟု ဆိုကြသည်။

ထို့အတူ ဒီမိုကရေစီလိုလားသူတို့အား ချုပ်ချယ်သည်ဆိုကာ မြန်မာနိုင်ငံအပေါ်နိုင်ငံရေးနှင့် စီးပွားရေးပိတ်ပင်မှုကို အမေရိကန်သမ္မတဘုရှ်က နောက်ထပ်တစ်နှစ်တိုးလိုက်သောအခါ သမ္မတဘုရှ်အနေဖြင့်လည်း မြန်မာနိုင်ငံ၌ ဩဇာညောင်းနိုင်မည့် အခွင့်အရေးတစ်ရပ် လက်လွတ်ဆုံးရှုံးသွားပြန်သည်။

မြန်မာနိုင်ငံအား အထီးကျန်အောင် လုပ်ဆောင်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံအတွင်း၌ လူသားချင်း စာနာထောက်ထားရေးကိစ္စများကို လျစ်လျူရှုလိုက်ခြင်းသည် မြန်မာနိုင်ငံအား တရုတ်ပြည်နှင့် ပိုမိုရင်းနှီးသွားအောင် တွန်းပို့လိုက်ခြင်းပင်ဖြစ်သည်။

**ပိုမိုကျယ်ပြန့်စွာ ဆက်စပ်စဉ်းစားကြည့်လျှင် မြန်မာနိုင်ငံသည် အာရှတိုက်မှ ဒေသတွင်းအင်အားကြီး နှစ်နိုင်ငံဖြစ်သော တရုတ်ပြည်နှင့် အိန္ဒိယနိုင်ငံတို့ကို တစ်ဖက်စီထားလျက် တည်ရှိနေရသော နိုင်ငံဖြစ်သည်။ ထို့ပြင် အိန္ဒိယနှင့် ကျန်သောအရှေ့တောင်အာရှနိုင်ငံများကို ဆက်စပ်ပေါင်းကူးပေးနိုင်သည့် နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် တရုတ်ပြည်အား ဘင်္ဂလားပင်လယ်အော်သို့ ထွက်ပေါက်ပေးနိုင်ပြီး ကမ္ဘာပေါ်တွင် အရေးကြီးဆုံး ရေကြောင်းလမ်းဖြစ်သည့် မလက္ကာရေလက်ကြားသို့ပါ ထွက်ပေါက်ပေးနိုင်သည့် အလားအလာရှိသော နိုင်ငံဖြစ်သည်။**

ထို့ကြောင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် ဤဒေသအတွင်း တရုတ်ပြည်၏ ဩဇာသက်ရောက်မှုကို ချိန်ညှိသွားရန် မျှော်မှန်းလျှင် ၎င်း၏ မြန်မာနိုင်ငံအပေါ်ထားရှိသော မူဝါဒများကို ပြန်လည်စဉ်းစားသင့်ပြီဖြစ်သည်။

တရုတ်ပြည်အနေဖြင့် အရှေ့တောင်အာရှတွင် အထိရောက်ဆုံးသံတမန်ရေးနှင့် စီးပွားရေးပဏာမခြေလှမ်းကို လှမ်းထားပြီးဖြစ်သည်။ မြန်မာ့တပ်မတော်သည် အရှေ့တောင်အာရှတွင် ဗီယက်နမ်ပြီးလျှင်ဒုတိယအကြီးဆုံးတပ်မတော်ဖြစ်သည်။ ၂၀၀၃ခုနှစ်တွင် တရုတ်ပြည်က မြန်မာနိုင်ငံအား စီးပွားရေးအကူအညီ ဒေါ်လာသန်း ၂၀၀ပေးထားသည်။ ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်းတွင် လမ်းများ၊ ရထားလမ်းများ၊ လေဆိပ်များ၊ ဆိပ်ကမ်းများ၊ ဆည်မြောင်း၊ တာတမံများ တည်ဆောက်ရာတွင် တရုတ်ပြည်က အကူအညီများစွာ ပေးထားသည်။

မြန်မာ နိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် တရုတ်ပြည်၏ ရင်းနှီးမြှုပ်နှံမှုမှာ အများဆုံးဖြစ်နိုင်သည်။

တရုတ်-မြန်မာဆက်ဆံရေးနှင့်ပတ်သက်၍ အခြားမည်သည့်ဒေသဆိုင်ရာ အင်အားကြီးနိုင်ငံထက်မဆို အိန္ဒိယနိုင်ငံက ပိုစိတ်ဝင်စားဖွယ်ရှိနိုင်သည်။ မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှုသည် အိန္ဒိယနိုင်ငံအတွက် ထည့်တွက်စရာ အချက်တစ်ခုဖြစ်နေသည်။ အိန္ဒိယနိုင်ငံ၏ မြောက်ဘက်တွင် တရုတ်ပြည်၊ အနောက်ဘက်တွင် တရုတ်၏ မဟာမိတ်ပါကစ္စတန်၊ အရှေ့ဘက်တွင် တရုတ်ပြည်နှင့် ချစ်ကြည်ရင်းနှီးသည့် မြန်မာနိုင်ငံတို့ ဝိုင်းရံ တည်ရှိနေသည်။ ဤအချက်များကို ချိန်ညှိရန်အတွက် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအား အထီးကျန်ဖြစ်အောင်မလုပ်ဘဲ စီးပွားရေးနှင့် မဟာဗျူဟာမြောက် ထောက်ပံ့မှုများ ပေးလာသည်။ ဂျပန်ကလည်း အကူအညီပေးနိုင်ရန်အရေးကို စိတ်စောလျက်ရှိသည်။ အာဆီယံကလည်း ဤအချက်များကို ထည့်တွက်ပြီး ၁၉၉၇ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။

အမေရိကန်ပြည်ထောင်စုကမူ ထိုသို့မဟုတ်ချေ။ ၁၉၈၈ ခုနှစ် တပ်မတော် အစိုးရတာဝန်ယူပြီးလျှင်ပြီးချင်း မြန်မာနိုင်ငံအား စစ်ရေးနှင့်စီးပွားရေး အကူအညီများ ဖြတ်တောက်ပစ်လိုက်သည်။ ထိုအချိန်ကတည်းကပင် အာဏာပြန်လွှဲပေးရန် အမေရိကန်က တောင်းဆိုခဲ့သည့်အပြင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြုရန် ဖိအားပေးခဲ့သည်။

၁၉၉၇ခုနှစ်တွင် မြန်မာနိုင်ငံ၌ အမေရိကန်ရင်းနှီးမြှုပ်နှံမှုအားလုံးကို ပိတ်ပင်သည့် ဥပဒေတစ်ရပ်ကို အမေရိကန် ကွန်ဂရက်က အတည်ပြုခဲ့သည်။ ယမန်နှစ်တွင် အမေရိကန်ကွန်ဂရက်က မြန်မာနိုင်ငံမှ သွင်းကုန် အားလုံးကို တားမြစ်လိုက်သည့်အပြင် နိုင်ငံရပ်ခြားရှိ မြန်မာတို့၏ ပိုင်ဆိုင်မှု အစုစုကိုလည်း ထုတ်မပေးဘဲ ထားရန် အမိန့်တစ်ရပ်ကို သမ္မတဘုရှ်က ထုတ်ပြန်လိုက်သည်။ မကြာမီက သမ္မတဘုရှ် ထုတ်ပြန်လိုက်သည့် ကြေညာချက်မှာလည်း ယင်းမူဝါဒကို တိုးချဲ့သတ်မှတ်လိုက်ခြင်းသာဖြစ်သည်။

မြန်မာနိုင်ငံအား ဝိုင်းပယ်ရေး မူဝါဒချမှတ်ရာတွင် အမေရိကန်လောက် မည်သည့်နိုင်ငံကမျှ တင်းကျပ်ခြင်းမရှိပေ။ အမေရိကန်၏ ယင်းရပ်တည်ချက်သည် မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာ ထောက်ထားရေးကိစ္စများကိုမှု လျစ်လျူရှုကာ ပစ်ပယ်ထားသည်။

မြန်မာနိုင်ငံဘက်က မည်သို့သော ပြုပြင်ပြောင်းလဲစေနိုင်မည့် အလားအလာများ လုပ်ဆောင်နေပါသလဲ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲမည်ဟူသော ရည်မှန်းချက်ဖြင့် မေလ ၁၇ရက်တွင် အမျိုးသားညီလာခံကိုစတင်ကျင်းပသည်။ နိုင်ငံရေးပါတီအားလုံးနှင့်တကွ အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်း အားလုံးကို ညီလာခံတက်ရောက်ရန် ဖိတ်ကြားခဲ့သည်။ သို့ရာတွင် အင်န်အယ်လ်ဒီက ညီလာခံ တက်ရောက်ရန် ငြင်းဆိုခဲ့သဖြင့် အမျိုးသားညီလာခံကို နိုင်ငံတကာက တရားဝင် အသိအမှတ်မပြုနိုင်ဘဲဖြစ်ခဲ့ရသည်။

၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံထိပ်သီး အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည် ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ရှိရန်လိုအပ်သည်ကို မြန်မာခေါင်းဆောင်များက နားလည် သဘောပေါက်ကြသည်။

ဤသို့သော အခြေအနေတွင် မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများကို အားပေးမြှင့်တင်ရမည့်အစား အမေရိကန်က ပိတ်ပင်အကျပ်ကိုင်ရေး မူဝါဒကိုသာ တစ်ဖက်သတ် ကျင့်သုံးနေသောကြောင့် ပြည်ပဖိအားပေးမှုကို ရင်ဆိုင်တွန်းလှန်မည်ဟူသော မြန်မာအစိုးရ၏ ဆုံးဖြတ်ချက်ကိုသာ ပိုမိုခိုင်မာစေပြီး မြန်မာနိုင်ငံအား တရုတ်ပြည်နှင့် ပိုမိုနီးစပ်အောင် တွန်းပို့ပေးသကဲ့သို့ ရှိပေလိမ့်မည်။

**အမေရိကန်အနေဖြင့် ယင်း၏ မူဝါဒကို ပြန်လည်စဉ်းစားသုံးသပ်ပြီး ပြောင်းလဲကျင့်သုံးရန် လိုအပ်နေပြီဖြစ်သည်။ အမေရိကန်နှင့် မြန်မာတာဝန်ရှိသူများအနေဖြင့် အချို့သောကိစ္စရပ်များအပေါ် ထားရှိရမည့် စံချိန်စံညွှန်း ညှိနှိုင်းသဘောတူမှုများနှင့်အတူ အလွတ်သဘော တွေ့ဆုံဆွေးနွေးခြင်းကသာ မြန်မာအစိုးရအား သဘောထား ပြောင်းလဲသွားစေနိုင်မည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်တို့ကို မြန်မာ့လူ့ဘောင်တွင် ပြန်လည်ဝင်ဆံ့စေသည့် အကျိုးကျေးဇူးများ ရရှိခံစားခွင့် ပြုလာနိုင်မည်ဖြစ်ပေသည်။ ။**

## ဒေးဗစ်အိုင်စတိုင်းဘတ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

**ဒေးဗစ်အိုင်စတိုင်းဘတ်သည် အမေရိကန်ပြည်ထောင်စု ဂျော့ချ်တောင်းတက္ကသိုလ် အာရှရေးရာလေ့လာရေးဌာနမှ ညွှန်ကြားရေးမှူးဖြစ်ပြီး ထင်ရှားသော ပါမောက္ခတစ်ဦးလည်းဖြစ်သည်။**

**သူသည် ယခင်က ကိုရီးယားသမ္မတနိုင်ငံတွင် အာရှဖောင်ဒေးရှင်း ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဂျော့ချ်တောင်းတက္ကသိုလ်၏ ကိုရီးယားလေ့လာမှုတွင်ပါမောက္ခအဖြစ်လည်းကောင်း၊ မန်းစ်ဖီးစင်တာ ပစိဖိတ်ရေးရာဌာန ဥက္ကဋ္ဌအဖြစ်လည်းကောင်း လူသိများခဲ့သူဖြစ်သည်။**

**စောစောပိုင်းကလည်း အမေရိကန်နိုင်ငံခြားရေးဌာန နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (အေအိုင်ဒီ)၏ အဆင့်မြင့်နိုင်ငံခြားရေးရာအဖွဲ့ဝင်တစ်ဦး အဖြစ်လည်းကောင်း၊ အာရှနှင့်အရှေ့အလယ်ပိုင်းနည်းပညာအကူအညီပေးရေး ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် မြန်မာရေးရာညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထိုင်းနိုင်ငံ ယူအက်စ် အေအိုင်ဒီ ဒေသဆိုင်ရာဖွံ့ဖြိုးရေးရုံးတွင် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။**

**ပါမောက္ခ အိုင်စတိုင်းဘတ်သည် ဒတ်မောက်ကောလိပ်၊ လင်နန်တက္ကသိုလ် (တရုတ်ပြည်ကန်တုန်)၊ ဟားဗတ်တက္ကသိုလ်၊ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကရေးရာ လေ့လာရေးဌာနတို့တွင် တက်ရောက်ပညာသင်ယူခဲ့သည်။**

**၎င်းသည် စာအုပ်၁၂အုပ်ကို ရေးသားခဲ့သည့်အပြင် Stone Mirror, Reflections on Contemporary Korea (2003), Burma: The State of Myanmar (2001), The Republic of Korea. Economic Transformation and Social Change (1989) အပါအဝင် သီးခြားဘာသာရပ်ဆိုင်ရာ စာတမ်းအများအပြားကို ရေးသားခဲ့သည်။**

**ထို့ပြင် Anti- American Sentiment on Korea (2004)တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ၎င်းသည် ဆောင်းပါးပေါင်း ၈၀ကျော် ရေးသားခဲ့သည့်အပြင် International Press နှင့် The Korean Times တို့၏ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးဖြစ်ပါသည်။**


## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ **ဒုတိယပတ်(တနင်္ဂနွေနေ့)**နှင့် **နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ် စက်တင်ဘာလအတွက်**

**(၁၂-၉-၂၀၀၄)ရက်နေ့**

**နှင့်**

**(၂၆-၉-၂၀၀၄)ရက်နေ့**


## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၉-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အရေးပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၇။ ကချင်ပြည်နယ် မိုးကောင်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၂၅)**
၁:၃၅ ၇။ မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုး ကုသခြင်း) (အပိုင်း-၃)
၁:၅၀ ၈။ **လောကနီတိ(၄) လုပခြင်း၏အဓိပ္ပာယ် (အကယ်ဒမီဇင်ဝိုင်း၊နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊စုချစ်ဇော်) (ဒါရိုက်တာ-ခင်ဇော်)**
၂:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၀ ၁၀။ ဖောင်းကတောရေလှောင်တမံ
၂:၄၅ ၁၁။ International News.
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(အထူးပြုအားလုံး) (မြန်မာစာ)
၅:၁၅ ၆။ အကပဒေသာ
၅:၃၀ ၇။ ၂၀၀၄ခုနှစ်၊ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် မဟာဂီတ(ဝါသနာရှင်အဆင့်) (အမျိုးသား၊အမျိုးသမီး)
၅:၄၅ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ အတီးပြိုင်ပွဲ
၆:၁၅ ၁၀။ တေးဂီတအစီအစဉ်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ Discovery
၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ် (အပိုင်း-၁၃)**
၇:၄၀ ၁၅။ **ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ"ရာမာယဏ" ဇာတ်တော်ကြီးဆွေးနွေးခန်း**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသော အချစ် (အပိုင်း-၂၃)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

# ဘဝပင်လယ်နှင့် သုတပုလဲသွယ်

ရတနာစည်ဆရာတော်( လှိုင်လင် )

(က)

ဘဝကို ပင်လယ်ပြင်နှင့် ဥပမာနှိုင်းနိုင်လျှင် သုတကို ပုလဲရတနာနှင့် ဥပမာဟပ်နိုင်မည်။ ပုလဲရတနာသည် ပင်လယ်ထဲ၌ တည်ရှိပြီး ပင်လယ်ပြင်တန်ဖိုးကို မြှင့်ပေးနေသကဲ့သို့ သုတသည် ဘဝ၌တည်ရှိကာ ဘဝတန်ဖိုးကို မြှင့်ပေးနေလေ၏။ တစ်ခုရှိသည်မှာ ပင်လယ်ထဲ၌ ပုလဲရတနာကို တကူးတကန့် ရှာဖွေမှသာ တွေ့ရှိပိုင်ဆိုင်နိုင်သကဲ့သို့ ဘဝထဲ၌ သုတရတနာကို တကူးတကန့် ရှာဖွေမှသာ ရရှိပိုင်ဆိုင်နိုင်ခြင်းဖြစ်ပါ၏။

(ခ)

သုတသည် ဥပစိတ(ဆည်းပူးခြင်း)အနက်ရှိ၏။ အနုယောဂ(အစဉ်ယှဉ်စပ်ခြင်း) အနက်လည်းရှိ၏။ (အဘိဓာနပ္ပ ဒီပိကာသူစိကျမ်း၊ စာ ၅၇၆)။ ယင်းသုတကို မြတ်ဗုဒ္ဓက အရိယဓနေ (သူတော်ကောင်းဥစ္စာ ရတနာ)အဖြစ်လည်းကောင်း၊ သဒ္ဓမ္မ(သူတော်ကောင်းတရား) အဖြစ်လည်းကောင်း ပါထိကဝဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူ၏။(ဒီ၊ ၃၊ ၂၀၈)။ ထို့ပြင် ကြီးပွားချမ်းသာခြင်း၏ အကြောင်းတရားအဖြစ် ခုဒ္ဒကပါဌ ပါဠိတော်၌ ဟောကြားထားတော်မူ၏။ (ခု၊ ၃)

ယင်းသုတပါဠိကို မြန်မာ့နားထဲသို့ ရှင်းလင်းစွာ ဝင်သွားအောင် မြန်မာစကားအဖြစ် "အကြားအမြင်"ဟု မြန်မာပြန်ဆိုခဲ့ကြသော ရှေးဘိုးဘေး ပညာရှင်ကြီးများကို ချီးကျူးဂုဏ်ပြုပါ၏။ ထို့ကြောင့် သုတဟူသည် အကြားအမြင်ပါတည်း။ အကြားအမြင်ကို ဆည်းပူးခြင်း၊ အကြားအမြင်နှင့် အစဉ်ယှဉ်စပ်ခြင်းသည် သုတပါတည်း။ ယင်းသုတဟူသော ကံ၏ကတ္တားသော်မူ နားနှင့်မျက်စိ ဖြစ်ပါ၏။

(ဂ)

နားကိုစွင့်လျက် အသံ၏ အနီးအဝေးကို ချိန်ဆတတ်လာခြင်း၊ နားကိုစွင့်လျက် အသံ၏ပုံဟန်(ချိုးမွမ်း၊ ကဲ့ရဲ့ စသည်)ကို တည်းဖြတ်တတ်လာခြင်း၊ အသံ၏ နောက်ဆက်တွဲ အကျိုးရလဒ်ကို ဆုံးဖြတ်တတ်လာခြင်း၊ ထိုမှတစ်ပါး မျက်စိကိုဖွင့်လျက် မြင်ကွင်း၏ အပူ၊ အအေးကို ကြည့်တတ်လာခြင်း၊ မျက်စိကိုဖွင့်လျက် အကျိုးပြုရှုခင်း၊ အဆိုးပြုရှုခင်းကို တည်းဖြတ်တတ်လာခြင်း၊ မြင်ကွင်း၏ နောက်ဆက်တွဲ အကျိုးရလဒ်ကို ဆုံးဖြတ်တတ်လာခြင်းတို့ကြောင့် သုတ သို့မဟုတ် အကြားအမြင်၏ တန်ဖိုးသည် လူ့သမိုင်းတစ်လျှောက် ပို၍ပို၍ မြင့်မားလာခဲ့ရ၏။ ထိုတန်ဖိုးကို ဘဝထဲမှာ ကြားလာ၊ မြင်လာ၊ ရယူလာခဲ့ကြရ၏။ ထို့ကြောင့် ပို၍ပို၍ ယဉ်ကျေးသော လူ့ဘောင်ဖြစ်တည်လာခဲ့ရ၏။ သုတတန်ဖိုးကို ဘဝထဲမှရယူရင်း သုတ၏အထွတ်အထိပ်အဖြစ် ဉာဏ်ပညာကိုပါ ပိုင်ဆိုင်လာခဲ့ကြရ၏။

မြတ်ဗုဒ္ဓ၏ နှုတ်တော်မှ ထွက်ပေါ်လာသော အသံ(သဒ္ဒ)ကို အကြား(သုတ)ဖြင့် စွဲပိုက်ကာ အထွတ်အထိပ် ဉာဏ်ပညာကိုပါ ရယူနိုင်ခဲ့ကြသောကြောင့် နိဗ္ဗာန်အမြိုက်ဓာတ်အထိ ဆိုက်ကပ်တွေ့ထိ ရရှိပိုင်ဆိုင်သူ အသချေ် အနန္တ ရှိခဲ့ပြီ မဟုတ်လော။

(ဃ)

မိဘတို့၏ ဘဝများ၊ ထိုဘဝများထဲမှ အခက်အခဲများနှင့် အချောအမွေ့များ၊ အကြမ်းအတမ်းများနှင့် အပြေအလျော့များကို သုတဖြင့် သားသမီးတို့ ရရှိကြ၏။ ဆရာသမားတို့၏ဘဝများ၊ ထိုဘဝများထဲမှ ကျပ်တည်းခြင်းနှင့် ကျယ်ပြောခြင်းများ၊ ရုန်းကန်ခြင်းနှင့် ငြိမ်သက်ခြင်းများကို သုတဖြင့် တပည့်တပန်းတို့ ရရှိကြ၏။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ခြင်းနှင့် ကျဆင်းခြင်းများ၊ ဖွံ့ဖြိုးခြင်းနှင့် ကြုံလှီခြင်းများ၊ အဆိုးအကောင်းနှင့် အကျိုးအကြောင်းသဘာဝများကို သုတဖြင့် နိုင်ငံသားတို့ရရှိကြ၏။ ယင်းရရှိချက်အပေါ် သုတ၏ အထွတ်အထိပ် ဉာဏ်ပညာဖြင့် ဝေဖန်သုံးသပ်ကာ မြော်မြင်ဆုံးဖြတ် ထပ်ဆင့် ကြိုးပမ်းတတ်ပါမူ သားသမီးတို့၏ ဘဝ၊ တပည့်တပန်းတို့၏ ဘဝ၊ နိုင်ငံသားတို့၏ဘဝသည် အလှအပအပေါင်း သရဖူဆောင်းလာရမည် မုချဖြစ်၏။

(င)

**သုတံ ပညာယ ဝဍ္ဎနံ(ထေရ၊ ၂၅၀)။**
**သုတသည် ပညာ၏ တိုးပွားကြောင်းဖြစ်သည်။**

ယနေ့ခေတ်ကို ပညာခေတ်ဟု ဆိုကြ၏။ ပညာခေတ်ဟု ဆိုရလောက်အောင် သုတတွေက မကုန်နိုင် မဆုံးနိုင် ဖြိုင်ဖြိုင်ကြီး တိုးပွားနေလျက်ရှိ၏။ မာလ်တီမီဒီယာ၊ အီလက်ထရောနစ်မီဒီယာ၊ ပရင့်မီဒီယာ စသည်ဖြင့် သုတတွေက လူသားတွေကို စိန်ခေါ်နေကြလေ၏။ ICT နည်းပညာခေတ်ဖြစ်၍ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် အလှူရှင် ဆင်တောင်ကြီး စာပေက စာစောင် ၁၀၇၁ စောင် ပေးအပ်လှူဒါန်းစဉ်။**

သုတရေးရာ မိနစ်ပိုင်းမျှ နောက်ကျမခံနိုင်သော အနေအထား ရောက်ရှိနေ၏။ တိုးပွားလာနေသော သုတများကို မဆည်းပူးမိလျှင် ခေတ်နှင့်တစ်ပြေးညီ လိုက်ပါရန် မလွယ်။ တိုးပွားလာနေသော သုတများကို ဆည်းပူးနိုင်၊ အစဉ်ယှဉ်စပ်နိုင်မှသာ ခေတ်ကိုဝေဖန်ပိုင်းခြားနိုင်လျက် ခေတ်ရေစီးကြောင်းအထက်မှာ လိုက်ပါနိုင်လိမ့်မည်။

ခေတ်ကို သုတဖြင့် မွေနှောက်ကာ ပညာဖြင့်စေစားနိုင်မှသာ သူတော်တရား၊ မသူတော်တရားတို့ကို ပိုင်းခြားကန့်သတ်နိုင်မည်။ အမှန်တရား၊ မမှန်တရားတို့ကို ပြတ်သားဆုံးဖြတ်နိုင်မည်။ ကြီးပွားချမ်းသာခြင်း၏ အကြောင်းရင်း၊ ဆုတ်ယုတ်ဆင်းရဲခြင်းတို့၏ အကြောင်းရင်းတို့ကို ထင်လင်းသိရှိနိုင်မည်။ ထို့ကြောင့် သုတသည် အရိယာဓနမည်၏။ သဒ္ဓမ္မမည်၏။ မင်္ဂလာမည်၏။

သည်အကြောင်းခံတို့ကြောင့်ပင် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသော ဦးတည်ချက်ကို နိုင်ငံတော်က ရည်မှန်းလျှောက်လှမ်းနေခြင်းဖြစ်၏။

"မိမိတို့ ဝန်ကြီးဌာနကလည်း တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် သတင်းအချက်အလက်များ အချိန်မီရောက်ရှိ ပျံ့နှံ့ရေး၊ ပြန်ကြားရေး သတင်းအချက်အလက်များ ပြည်ပသို့ ထိုးဖောက်ရောက်ရှိရေးနှင့် သတင်းအချက်အလက်များ သွက်လက်ထက်မြက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း"

"ထိုသို့ ရည်မှန်းချက်ထားရှိဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပထမအဆင့်အနေဖြင့် ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ အုပ်စုအနက် ယခုအချိန်အထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ပြီး ကျေးရွာအုပ်စု ၄၉၆၂ အုပ်စုဖြစ်၍ ဖွင့်လှစ်ရန် ၈၅၁၆ အုပ်စု ကျန်ရှိနေသေးကြောင်း"

သုတပုလဲသွယ်ဟုဆိုရမည့် သုတဆည်းပူးရာ စာကြည့်တိုက်များ ကျေးရွာအရောက် ထိုးဖောက် ပျံ့နှံ့ရေးအတွက် ဩဂုတ်လ ၁၇ ရက်နေ့ မွန်းလွဲ ၁ နာရီမှာ သိမ်ဖြူလမ်း ပြန်ကြား ရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပအပ်သော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည့် ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အမှာစကားဖြစ်ပါသည်။ ယင်းအမှာစကား၌ သုတပုလဲသွယ်ဟုဆိုရမည့် စာကြည့်တိုက်များ၏ ယနေ့အနေအထားကို ဖော်ညွှန်းသကဲ့သို့ မနက်ဖြန်၏ အရဏ်ဦးကိုလည်း ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဤသို့ ပုံဖော်ညွှန်းထား၏။

**"နိုင်ငံတော်ပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးမှု အပါအဝင် စေတနာရှင်များနှင့် ကျေးရွာ ပြည်သူလူထုတို့မှလည်း ပူးပေါင်းဆောင်ရွက်ပါက အမြန်အကောင်အထည်ပေါ်မည်ဖြစ်ကြောင်း"**

မှန်ပါသည်။ နိုင်ငံတော်ကလည်း ပံ့ပိုး၏။ ဝန်ကြီးဌာနကလည်း ပုံဖော်၏။ စာပေပြုစုသူ၊ စာပေ ထုတ်ဝေသူ၊ စာပေဖြန့်ချိသူ၊ စာပေဖတ်ရှုသူ ပြည်သူအပေါင်းကလည်း ပူးပေါင်းပါဝင်သည့်အပြင် ကျေးရွာလူထု ကိုယ်တိုင်ကလည်း တက်ကြွကြိုးပမ်းပါလျှင် သုတပုလဲလုံးတို့သည် တစ်ကုံးပြီးတစ်ကုံး တစ်သွယ်ပြီးတစ်သွယ် တင့်တယ်ဝင့်ဝဲလာလိမ့်မည်။

**"သို့မှသာ ကျေးလက်နေပြည်သူများသည် စာပေနှင့် အလှမ်းမဝေးတော့ဘဲ နေ့စဉ်ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး အသိပညာများ တိုးတက်လာပြီး လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်း"**

**"တစ်ဖက်ကလည်း စာပေပညာရှင်များ၏ စာအုပ်စာပေများ နေရာအနှံ့ရောက်ရှိကာ အကျိုးပြုမှာဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာအကျိုးဖြစ်ထွန်းလာနိုင်သဖြင့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်**

**နိုင်ငံတစ်ဝန်းရှိ ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်ရေးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ပထမအဆင့်အနေဖြင့် ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ အုပ်စုအနက် ယခု အချိန်အထိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ပြီး ကျေးရွာအုပ်စု ၄၉၆၂ အုပ်စုဖြစ်၍ ဖွင့်လှစ်ရန် ၈၅၁၆ အုပ်စု ကျန်ရှိနေသေးကြောင်း။**

**တိုက်များ ပေါ်ထွန်းလာရေးကို တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပံ့ပိုးကြပြီး အကြံဉာဏ်ပေး ဆောင်ရွက်ကြစေလိုကြောင်း"**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အဖွင့်အမှာစကားအဆုံးဝယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကျေးရွာတိုင်း၌ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်ချဆောင်ရွက်နေမှု အခြေအနေနှင့် စာအုပ်စာတမ်းများ ဖြည့်ဆည်းပေးမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကာ အစည်းအဝေးတက်ရောက်လာကြသူ စာပေတိုက်များနှင့် စာပေဖြန့်ချိရေးလုပ်ငန်းရှင်များက စိတ်ဝင်စားစွာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြ၏။ ထို့နောက် စာ-နယ်-ဇင်း တိုက်များမှ စေတနာရှင်များက စာအုပ်စာပေများ လှူဒါန်းကြရာ တန်ဖိုးငွေအားဖြင့် ကျပ်၅၄၁၁၃၄၀ ဖြစ်ကြောင်းနှင့် ပညာအလင်းပြစာအုပ်တိုက် ဦးအုန်းမောင် (ရာမ)က ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များထူထောင်ရန် မတည် ရန်ပုံငွေကျပ်ကိုးသောင်း လှူဒါန်းကြောင်း နှစ်ထောင်းအားရ သောမနဿ ပီတိ ဘဝင်၏ဘဝဂ် မြင့်တက်လှုပ်ခတ်ဖွယ် သိမှတ်ရပါ၏။

ထို့ပြင် ထိုနေ့နံနက် ၁၀ နာရီခွဲအချိန်မှာ ပန်းဆိုးတန်းလမ်း အမှတ် ၂၂/၂၄ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စေတနာရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းပွဲကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ စာအုပ်များလက်ခံကာ ဂုဏ်ပြုစကားပြောကြား ချီးမြှင့်သကဲ့သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသက်စိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြပြီး စာအုပ်များလှူဒါန်းကြရာ တန်ဖိုးငွေအားဖြင့် ကျပ် ၁၅၁၂၁၅၀ ဖြစ်ကြောင်း နှစ်ထောင်းအားရ တက်ကြွပီတိ ပဿဒ္ဓိစိမ့် တသိမ့်သိမ့် နားဆိမ့်သတင်းကြားသိရပါ၏။

အလားတူ နိုင်ငံအဝန်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေ၊ စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာလ ၇ ရက်နေ့က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အလှူရှင် ၁၅ ဦးတို့က အလှူငွေကျပ် ၁၅၄၄၀၀၀နှင့် အလှူရှင် ၇၅ ဦးတို့က ငွေကျပ် ၄၉၉၂၉၅၀ တန်ဖိုးရှိစာအုပ် စာစောင်ပေါင်း ၁၂၉၆၃၂ အုပ် ပေးအပ်လှူဒါန်းခဲ့ကြောင်း ထပ်မံကြားသိ ပီတိဖြစ်ရပြန်သည်။

သုတပုလဲလုံးတို့ စံပျော်ရာ မှတ်ကောင်းများသဖွယ် ဖြစ်သော စာကြည့်တိုက်များ ကျေးရွာအရောက် ထိုးဖောက် ထွန်းပြူရေးအတွက် ကြိုးပမ်းချက်များဖြစ်ရာ ဤဆောင်းပါး အချောကိုင်နေစဉ် နောက်ဆုံးသုတမှာ **၂၀၀၄ ခုနှစ် စက်တင်ဘာလ ၇ရက်နေ့အထိ နိုင်ငံတစ်ဝန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၇၃၆၄တိုက် ဖွင့်လှစ်ပြီးဖြစ်သည်** ဟူ၍။

နိုင်ငံတော်အစိုးရ၏ စေတနာမှန်မှု၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်ဆန်သောဖော်ဆောင်မှု၊ စေတနာရှင်ပြည်သူများ၏ သဒ္ဓါသန်မှု မှတ်တမ်းပါပေ။

(စ)

ဤအရှင်တို့ ပဝတ္တိသီတင်းသုံးရာ လှိုင်လင်ခရိုင်၌ ၁၉၈၈ ခုနှစ်မတိုင်မီကဆိုလျှင် လှိုင်လင်မြို့မှာ စာကြည့်တိုက်တစ်တိုက် ခပ်ပြားပြား တည်ရှိခဲ့၏။ တစ်ခရိုင်လုံးရှိ ၁၁ မြို့နယ်အတွက်ဆိုလျှင် ကျေးသီးမြို့နယ်၊ မိုးနဲမြို့နယ်တို့၌ စာကြည့်တိုက်တစ်ခုစီ တည်ရှိခဲ့သောကြောင့် တစ်ခရိုင်လုံးမှာ စာကြည့်တိုက် သုံးခုသာ တည်ရှိခဲ့၏။ စည်ကားအပ်သောအရပ်ဖြစ်သည့် ယင်းစာကြည့်တိုက်များ၌ သုတရှာဖွေသူများနှင့် စည်စည်ကားကား မဖြစ်ခဲ့ချေ။ ယင်းအနေအထားက လှိုင်လင်ခရိုင်သားနှင့် သုတတရားအခြေအနေကို ပြောပြခဲ့လေ၏။ အားမနာတမ်းဆိုရပါက လှိုင်လင်ခရိုင်သားတို့အဖို့ သုတတရားသည် မှုန်မှုန်မွှားမွှား ဝိုးတဝါးသာ ဖြစ်တည်ခဲ့ပါသည်။

ယင်း၏ဇာစ်မြစ်ကို စိစစ်ဖွေရှာလျှင် နယ်ချဲ့အမွေဆိုးအဖြစ် ထင်ကျန်ရစ်ခဲ့သည့် လက်နက်ကိုင် ဆန့်ကျင်ရေးများကြောင့် ဒေသတည်ငြိမ်အေးချမ်းမှု မဖြစ်ထွန်းခဲ့ခြင်းကို ပဓာနအကြောင်းရင်းကြီးအဖြစ် တွေ့မြင်ရ၏။ ယင်း၏ဆက်တွဲ အကျိုးရလဒ်အဖြစ် လမ်းပန်းဆက်သွယ်မှု မလုံခြုံခြင်း၊ ရောင်းရေးဝယ်တာ မသာယာခြင်း၊ စိုက်ပျိုးရေးရာ တက်မလာခြင်း၊ ပညာသုတ မထွန်းပခြင်း စသည်တို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ဝေဝါးမှုန်မှိုင်းမှန်တိုင်း အခတ်ခံခဲ့ရ၏။

ယင်းသို့သော လကွယ်ညဉ့်သန်းခေါင်ဝယ် တောတောင်မှာ တိမ်ထူညကာလမျိုး၌ ယနေ့ တပ်မတော်အစိုးရတက်ရောက်လာရပြီး တပ်မတော်စွမ်းအားဖြင့် ကာလကိုရွှေ့ပစ် အရုဏ်သစ်ထွန်းစေ တက်နေရောင်လင်းစမ်း ကြိုးပမ်းအားထုတ်နိုင်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသများအထိ ငြိမ်းချမ်းရေးရောင်ခြည်သစ် တည်ဖြစ်ဖြန့်ကြက်နိုင်ပြီးသော် လှိုင်လင်ခရိုင်သည်လည်း တည်ငြိမ်အေးချမ်းလာခဲ့ကာ ယနေ့သော် လမ်းပန်းဆက်သွယ်ရေး၊ ကြေးနန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး စသည့် ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံ အဟုန်မြင့်မြင့် ဖွံ့ဖြိုးတိုးတက်လာနေလေပြီ။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✡**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့် အဖွဲ့အား ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံ

ရန်ကုန် စက်တင်ဘာ ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီး Madame Khunying Suppanapa Attanand တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**



**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီး Madame Khunying Suppanapa Attanand တို့ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကတို့ဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးတို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)



### တည်ခင်းဧည့်ခံ

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီး Madame Khunying Suppanapa Attanand တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

✡ **စာမျက်နှာ ၆ မှ အဆက်**

သည်တွင် လှိုင်လင်ခရိုင်သားတို့၏ သုတအတွက် တိုးတက်ဖြစ်ထွန်းလာမှု၊ ယခင်က တစ်ခရိုင်လုံး စာကြည့်တိုက်သုံးတိုက်သာ တည်ရှိရာမှ ယနေ့ နိုင်ငံတော်အစိုးရလက်ထက် တိုးတက်ဖြစ်ထွန်းလာမှုတို့ကို ရက်စွဲနှင့်တကွ ရှုပါ။

| | | |
|---|---|---|
| ၁။ | လဲချားမြို့နယ်၊ | ၁–၅–၉၁ |
| ၂။ | နမ့်စန်မြို့နယ်၊ | ၂၁–၁၂–၉၁ |
| ၃။ | မိုင်းပန်မြို့နယ်၊ | ၁–၃–၉၂ |
| ၄။ | လင်းခေးမြို့နယ်၊ | ၁–၅–၉၂ |
| ၅။ | ကွန်ဟိန်းမြို့နယ်၊ | ၂၂–၁၀–၉၂ |
| ၆။ | မိုင်းရှူးမြို့နယ်၊ | ၂၇–၁၀–၉၂ |
| ၇။ | မောက်မယ်မြို့နယ်၊ | ၆–၇–၉၄ |
| ၈။ | မိုင်းကိုင်မြို့နယ်၊ | ၁၄–၁၀–၉၇ |
| ၉။ | ဟိုမိန်းမြို့၊ | ၁–၅–၀၂ |
| ၁၀။ | ပင်လုံမြို့၊ | ၁–၁၀–၀၂ |
| ၁၁။ | ကျိုင်းတောင်းမြို့၊ | ၁–၁၀–၀၂ |

ယင်းသို့ နိုင်ငံတော်အပိုင်းနှင့် ဝန်ကြီးဌာနအပိုင်းတို့က လှိုင်လင်ခရိုင်သားတို့၏ သုတပညာအတွက် ပြန်ကြားရေးစာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့သလို ဒေသအာဏာပိုင်ဖြစ်ပါသော ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကိုယ်တိုင်ကလည်း သုတပုလဲသွယ်တို့ တစ်သွယ်ပြီးတစ်သွယ် ထွန်းပြူလာစေရန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကျေးရွာတိုင်းမှာ တည်ထောင်နိုင်ဖို့ အားပေးပံ့ကူလျက်ရှိ၏။

ကုန်လွန်ခဲ့ပြီးသော (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ် ချီးမြှင့်ပေးခဲ့၏။ ထို့ပြင် စာအုပ်စာပေ ၅၀၀ ကိုလည်း လှူဒါန်းပေးခဲ့၏။ လှိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးသောင်းဝင်း၊ မောက်မယ်မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးဝင်းမောင်တို့ကလည်း စာကြည့်တိုက်ဖွင့်ပွဲဝယ် စာအုပ်စာပေများ လှူဒါန်းခဲ့ကြပါကုန်၏။ သည်သို့ဖြင့် ယနေ့အချိန်ဝယ် လှိုင်လင်ခရိုင်အတွင်း၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၂၆ ခုတိတိ ဖွင့်လှစ်နိုင်ပြီးဖြစ်ပါပြီ။

စာတတ်သူစာဖတ်နိုင်ဖို့ စာအုပ်စာပေ များများလို၏။ စာဖတ်ချင်စိတ်လည်းများများလို၏။ စာအုပ် စာပေ ပေါပေါ များများ၊ စာဖတ်ချင်စိတ် နိုးနိုးကြားကြားဖြင့် ဘဝပင်လယ် ထဲမှာ သုတပုလဲရတနာ ဖွေရှာကြရမည်။ သို့ဖြင့် သုတ ပုလဲသွယ်တို့ကြောင့် ဘဝပင်လယ်သည် တင့်တယ်လှပ ထာဝရ ရှုပကြွန်အင်ဝင့်နေမည်သာ ဖြစ်ပါသတည်း။ ။



✧ ကျောဖုံးမှ

ညှို့သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်သည် နံနက် ၉နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

### ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ညှို့သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ညှို့သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ညှို့သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် အမှတ်(၁) တပ်မတော်ညှို့ဂေဟာသို့ ဆက်လက်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**
(သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand ၊ ဇနီးနှင့် အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုစဉ်။** (သတင်းစဉ်)



## ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဟောင်ကောင်အဖွဲ့တွေ့ဆုံ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဆိုင်ရာ ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဟောင်ကောင်အခြေစိုက် Broadcast Technology Ltd.မှ မန်နေဂျင်းဒါရိုက်တာ Mr. Lam Sai Cheong နှင့် အဖွဲ့သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ညှို့ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုပ်မြင်သံကြားနှင့် အသံလွှင့်ဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၁–၉–၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| **၇:၀၀** | ၁။ မြဝတီအဖွင့် |
| **၇:၀၅** | ၂။ အဖွင့်သီချင်း |
| **၇:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၀** | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၅** | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၀၀** | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၉။ **ဆရာတော်ဦးဃောသိတတရားတော် "ဒါရုတဏ္ဍောပမသုတ်"** |
| **၉:၁၀** | ၁၀။ အပိတ်နှုတ်ဆက်စကား |
| **၉:၁၁** | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| **၄:၀၀** | ၁။ မြဝတီအဖွင့် |
| **၄:၀၅** | ၂။ အဖွင့်သီချင်း |
| **၄:၁၀** | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| **၄:၂၀** | ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့ |
| **၄:၃၀** | ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၄:၃၅** | ၆။ မြန်မာသံစဉ်ချိုနားဝင် |
| **၄:၄၅** | ၇။ မျိုးချစ်တပ်မတော် |
| **၅:၀၀** | ၈။ **အဆေးသင်ပညာရေးပို့ချမှု အစီအစဉ်** ထပ်ဆင့်ကြိယာများ (Derivative Verbs)အရှေ့တိုင်းပညာ(ဒုတိယနှစ်) |
| **၅:၃၀** | ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| **၅:၄၅** | ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၂။ နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၃။ မိုးလေဝသသတင်း |
| **၆:၂၅** | ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၃၀** | ၁၅။ မြန်မာ့ရှုခင်း |
| **၆:၄၀** | ၁၆။ လျှပ်တစ်ပြက်ရိုက်ချက် |
| **၇:၀၀** | ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မဆုတ်မနစ် (အပိုင်း–၁၀)** |
| **၈:၀၀** | ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၀။ လျှပ်တစ်ပြက်ရိုက်ချက် |
| | ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု |
| | ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ **English Premier League ဘောလုံးပွဲ - Portsmouth Vs Crystal Palace** |
| | ၂၄။ သင့်အတွက်မနက်ဖြန် |
| | ၂၅။ အပိတ်နှုတ်ဆက်စကား |
| | ၂၆။ ပြီးပါပြီ။ |







# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ီးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် အဖွဲ့အား ယနေ့ညနေ ၆နာရီတွင် န်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) တိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်း ာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်း ာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel Kasam Nakpun တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် Gener Somdhat Attanand တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။** (သတင်းစ





**ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စု မြန်မာနိုင်ငံတော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိ တပ်မတော် ကာကွယ်ရေး ဦးစီးချ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိ ဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘု တပ်မတော် စစ်သေနာပတိချုပ် Gener Somdhat Attanand အား ရန်ကုန် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်း လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစ

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၅) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိ လိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ကို(တက္ကသိုလ်)၊ ရန်နိုင်ဦး၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ရွှေမြိုင်မောင်ဖူးဝါ၊ ဆောင်းမွန်းချစ်၊ အေးမျိုးကြည်၊ မောင်မွန်မြတ် (ကျေး လက်)၊ တိုးဝေ၊ မင်းသွေးနွယ် (ဓနိကုန်း)၊ ပွင့်မွန်မွန်သိမ်း၊ ဇာနည် တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ပခုက္ကူဦးအုံးဖေ၊ မောင်ဆုရှင်၊ တက္ကသိုလ်တင်ခ၊ နုယဉ်၊ ဒေါက်တာ မတင်ဝင်း၊ မန်းခင်ခင်၊ ခင်ဆွေမြင့် (မြန်မာစာ)၊ ခင်စောတင့်၊ မြင့်သိန်း အောင်၊ တက္ကသိုလ်သခ်၊ ချစ်နိုင် (စိတ်ပညာ)၊ လယ်တွင်းသားစောချစ်၊ သန်းဝင်းရှိန်၊ မိုးထက်မောင်မောင်၊ မြင့်သူရ၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စလင်းမောင်မွေးကြိုင်၊ ဒေါက်တာ မင်းလဲ့ရီ၊ တက္ကသိုလ်စိုးယဉ်၊ သူရိန် မွန်(ဆေး–၂)၊ တင်ဝင်း(မအူပင်) တို့၏ ဆောင်းပါးများ၊ မောင်ဆန္ဒ (လယ်ဝေး)၊ ညိုလွမ်းအောင်၊ တင် အောင်စိုး(ပန်းမြို့တော်)၊ သျှိ (အင်ကြင်း)၊ မိုးထက်မြင့် (မြစ်ဝ ကျွန်းပေါ်)၊ မြတ်စုဝေ(သဲကုန်း)၊ မောင်မောင်မိုးအောင်၊ မောင်စောထွန်း (ကျောင်းကုန်း)၊ တက္ကသိုလ်ရွှေဆင့်၊ မကျော်(ပြန်/ဆက်) တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့ အတွက် ကဗျာလက်ဆောင် စာ လက်ဆောင်၊ ကဗျာပန်းရှုရိပ်၊ အမျိုး သမီးကဏ္ဍ၊ ကာတွန်း၊ ပုံပြင်စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိ နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

## ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိ နိုင်ငံတော်၏ မူဝါဒများ အောင်မြင်မှု ဟောပြောပို့

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝ ဦးသိန်းစိန်သည် ယနေ့ နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ပြည်ထေ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး အခြေခံသင်တန်း အမှတ်စဉ်(၉/၂၀၀၄) သင်တန် ၁၂၀ တို့အား နိုင်ငံတော်၏မူဝါဒများ မှန်ကန်၍ လက်တွေ့အောင်မြင်မှုများရရှိပုံ၊ နိုင်ငံတော် ရေ့ဆက်သွ မူဝါဒလမ်းစဉ်(၇)ရပ် အရေးကြီးပုံတို့ကို အကျယ်တဝင့် ဟောပြောပို့ချသည်။ (သတင

## ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန်  စက်တင်ဘာ  ၁၀

၂၀၀၄ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူများ အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဟမ်ဇာဟဇ်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန်  စက်တင်ဘာ  ၁၀

၂၀၀၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူများ အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မဒမ်မယ်ဂါဝါတီ ဆူကာနိုပူထရီထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့အားကြိုဆို

ရန်ကုန်  စက်တင်ဘာ  ၁၀

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကာကွယ်ရေးဝန်ကြီးဌာန စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိန်လင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့် ဗထူးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးသူရိန်ဇင် ခေါင်းဆောင်သော မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းမှ အဖွဲ့ဝင်များနှင့် အတူ ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် (၁၄) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသောမြန်မာ့တပ်မတော် သေနတ်ပစ်အသင်းမှ အဖွဲ့ဝင်များကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုစဉ်။**

(သတင်းစဉ်)

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့တပ်မတော်သေနတ်ပစ် အသင်းမှ အဖွဲ့ဝင်များအား တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Col. Yayat Hidayat နှင့် ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်  စက်တင်ဘာ  ၁၀

၂၀၀၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူများ အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်ဟာဆန် ဝီရာဂျူဒါထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)



**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက်က မြို့တော်ခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ဦးမောင်မောင် (ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေး)က အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။** (၁၉)

## ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်၏ ဇနီးနှင့်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand ၏ ဇနီး Madame Khunying Suppanapa Attanand သည် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ကျော်ဟန်၏ ဇနီးဒေါ်ယဉ်ယဉ်နွယ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်၏ ဇနီး ဒေါ်ခင်ဝင်းကျော်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Col. Kasam Nakpun ၏ဇနီး Mrs. Venus. Nakpunနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်တာဝန်ခံ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးသစ်လွင်နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်၏ ဇနီးနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက် ရတနာပြတိုက်ရှိ ပြခန်းများကို ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအကြံပေး ပုဂ္ဂိုလ် ဦးအုန်းမြင့်နှင့် ဒုတိယလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးမျိုးနိုင်တို့ကလိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
- ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။**

## ဟော်ကီအဖွဲ့ချုပ် အစည်းအဝေးကျင်းပ

ရန်ကုန်  စက်တင်ဘာ  ၁၀

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင်များအထူး အစည်းအဝေးကို ယမန်နေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်းရှိ အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူးဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကျော်နိုင်နှင့် ဦးကျော်ကျော်လှိုင်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(ပြည်ပရေးရာတာဝန်ခံ) ဦးကျော်နိုင်က ၂၀၀၄ခုနှစ် စက်တင်ဘာ ၂၇ရက်မှ စတင်၍ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့်အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲ (U-21 Six Nations Challenge Cup)တွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လူငယ် လက်ရွေးစင်အတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ဟော်ကီ အဖွဲ့ချုပ် အောင်နိုင်ရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်နိုင်က အသက်(၂၁)နှစ်အောက် ဟော်ကီလူငယ်အားကစားသမားများအား စခန်းသွင်းထားရှိမှုနှင့် အုပ်ချုပ်မှုကိစ္စရပ်များကိုလည်းကောင်း၊ လူငယ်လက်ရွေးစင်များ စခန်းသွင်း လေ့ကျင့်ရေး ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဌေးသိန်းက လူငယ်လက်ရွေးစင်များ လေ့ကျင့်မှုနှင့် တိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က မြန်မာလူငယ်လက်ရွေးစင်အသင်း အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် အမှုဆောင်များက မြန်မာ့ဟော်ကီအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌက ယင်းပြိုင်ပွဲ အောင်နိုင်ရေးအတွက် စွမ်းရည်ရှိသမျှ ကြိုးပမ်းသွားရန် မှာကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်ချက်များကိုဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

### မြစ်ရေကြီးခြင်းသတိပေး

ရန်ကုန် စက်တင်ဘာ ၁၀

**ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင်ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ၃၀ စင်တီမီတာ (တစ်ပေခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် ၇၀၀စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။**

# ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်း တွင်းသစ်လေးတွင်း ထပ်မံတူးဖော်အောင်မြင် နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၅၀၀အထိ တိုးမြှင့်ထုတ်လုပ်ပြီး ထိုင်းနိုင်ငံသို့ ရောင်းချမည်

ရန်ကုန် စက်တင်ဘာ ၁၀

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် တနင်္သာရီကမ်းလွန်ဒေသ ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။**

### ရှင်းလင်းတင်ပြ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ရဲတံခွန် ကမ်းလွန်ရေနံတွင်းတူးစင်ခန်းမ၌ Offshore Installation Manager, Mr. Chris Brown နှင့် Petronas Myanmar မှ Operations Manager, Mr. Salahuddin Sulaiman တို့က ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှုများနှင့် အောင်မြင်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ တိုးမြှင့်ရောင်းချမည့် အစီအစဉ်များ၊ သဘာဝဓာတ်ငွေ့နှင့်အတူ ထွက်ရှိလာမည့် ရေနံစိမ်း အပေါ့စားများကို သန်လျင် ရေနံချက်စက်ရုံသို့ သယ်ယူချက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစင်၌ တာဝန်ထမ်းဆောင်နေကြသော မြန်မာအမျိုးသား ဝန်ထမ်းများနှင့် နိုင်ငံခြားသား ဝန်ထမ်းများအား သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်ကြပြီး အားပေးစကား ပြောကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ထုတ်လုပ်ရေးစင်ပေါ်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစက်ပစ္စည်းများကို လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အဖွဲ့သည် ထားဝယ်မြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

### တိုးမြှင့်ရောင်းချ

ရဲတံခွန် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေကို ၁၉၉၂ခုနှစ် နိုဝင်ဘာလတွင် ရဲတံခွန်အစမ်းတွင်း အမှတ်(၁)၌ စတင်တွေ့ရှိခဲ့ပြီး ထုတ်လုပ်ရေး တွင်း ၁၂တွင်းကို ဆက်လက်တူးဖော်ခဲ့သည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံနှင့် အရောင်းစာချုပ် ချုပ်ဆိုပြီး ၂၀၀၀ပြည့်နှစ် ဧပြီလတွင် စတင်ရောင်းချခဲ့သည်။ ယခုအခါ သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံမှ ပိုမိုတိုးတက် ဝယ်ယူလိုမှုအရ ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းတွင် နောက်ထပ် တွင်းသစ်လေးတွင်းကို ၂၀၀၄ခုနှစ် ဩဂုတ်လကုန်တွင် တူးဖော်အောင်မြင်ခဲ့ပြီးဖြစ်၍ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၄၀၀ အထိ တိုးမြှင့်ရောင်းချတော့မည်ဟု သိရှိရသည်။ ထပ်မံတူးဖော်သော တွင်းသစ်များမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁၄၅ သန်းခန့် ထွက်ရှိနေရာ ယခုအခါ ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ စုစုပေါင်း နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၅၀၀ အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ပြီး ထိုင်းနိုင်ငံသို့ တိုးမြှင့်ရောင်းချမှုကို မကြာမီ စတင်ရန်ရှိကြောင်း သိရှိရသည်။

ထို့အတူ သဘာဝဓာတ်ငွေ့နှင့်အတူ ထွက်ရှိသော Condensate လေဆီခေါ် ရေနံစိမ်းအပေါ့စား ပမာဏမှာလည်း ယခုထုတ်လုပ်လျက်ရှိသော နေ့စဉ် စည် ၈၇၀၀ မှစည်၁၂၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အဆိုပါ ရေနံစိမ်းအပေါ့စားများကို ပြည်တွင်းတွင် လိုအပ်သလောက်သုံးစွဲ၍ ပိုလျှံပမာဏကို ပြည်ပသို့ တင်ပို့ရောင်းချမည်ဖြစ်သည်။

ရဲတံခွန် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အချိုးကျ အစုရှယ်ယာဝင်ဖြစ်သည့်အပြင် အိမ်ရှင်နိုင်ငံ စီမံကိန်းပိုင်ရှင်အဖြစ်ပါ အကျိုးခံစားခွင့်များရှိ၍ နိုင်ငံခြားငွေ ဝင်ငွေများ ရရှိလျက်ရှိသည်။

(သတင်းစဉ်)



**ဂုဏ်ပြု အားပေး**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရဲတံခွန် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ထုတ်လုပ်ရေးစင်တွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာဝန် ထမ်း များ နှင့် နိုင် ငံ ခြား သား ဝန် ထမ်း များ အား ဂုဏ်ပြု အားပေး စကား ပြောကြား စဉ်။** (သတင်းစဉ်)

**ယခုအခါ ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ စုစုပေါင်း နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၅၀၀ အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်။**

**သဘာဝဓာတ်ငွေ့နှင့်အတူ ထွက်ရှိသော Condensate လေဆီခေါ် ရေနံစိမ်းအပေါ့စား ပမာဏမှာလည်း ယခု ထုတ်လုပ်လျက်ရှိသော နေ့စဉ် စည် ၈၇၀၀ မှ စည် ၁၂၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်။**

**ပြည်တွင်းတွင် လိုအပ်သလောက်သုံးစွဲ၍ ပိုလျှံပမာဏကို ပြည်ပသို့ တင်ပို့ရောင်းချမည်။**



**တနင်္သာရီ ကမ်းလွန်ဒေသရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်သည့်ရေနံတူးစင်ကိုဝေဟင်အမြင့်မှ တွေ့မြင်ရစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၀

**မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၇နာရီခွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရဲမှူးချုပ်များ၊ တပ်ဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေး သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ရဲတပ်ရင်းမှူးများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာ၌ တိုးတက်နေသည့် ခေတ်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အသွင်သဏ္ဌာန်နှင့်အနှစ်သာရတို့ကို တိုးတက်ပြောင်းလဲစေပြီး လုပ်ငန်းစွမ်းရည်များ မြင့်မားတိုးတက်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားတွင် တာဝန်ယူဆောင်ရွက်ရသည့် တပ်ဖွဲ့ဝင်များသည် ပြည်သူလူထုနှင့် တစ်သားတည်းဖြစ်ရန်လိုကြောင်း၊ ပြည်တွင်း ပြည်ပ အခြေအနေကို လေ့လာသုံးသပ်ပြီး မိမိနိုင်ငံ၌ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ဟူသမျှကို ကျရာတာဝန်ပိုင်းကနေ တားဆီးကာကွယ်ရန်လိုကြောင်း၊ မိမိတို့၏ အဓိကတာဝန်ဖြစ်သော မှုခင်းကျဆင်းရေးအပြင် နယ်မြေလုံခြုံမှုရှိပြီး အေးချမ်းတည်ငြိမ်မှုရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် သာမန်ကြိုးစားမှုမျိုးမဟုတ်ဘဲ စွမ်းစွမ်းတမံ စေတနာထား ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)





# ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး ၂၀၀၅–၂၀၀၆ခုနှစ်တွင် အပြီးဆောင်ရွက်သွားမည်

## စေတနာရှင်များ၊ တာဝန်ရှိသူများ ပူးပေါင်းကူညီ

ရန်ကုန် စက်တင်ဘာ ၁၀

**ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများမှ ဦးစီးအရာရှိများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း ကျေးလက်အသီးသီးရှိ ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက် ယခုညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ရည်မှန်းချက်တာဝန်များတွင်ကျေးရွာတိုင်းကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးတွက် ၂၀၀၅–၂၀၀၆ခုနှစ် အပြီး ဆောင်ရွက်သွားရန် ပါဝင်ကြောင်း၊ ယခု ကျေးရွာအုပ်စုပေါင်း ၁၃၇၄၈ခုအနက်၊ ကျေးရွာအုပ်စုပေါင်း ၇၃၆၄ခုတွင် ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်ကျေးရွာပေါင်း ၆၀၀၀ကျော်တွင်လည်းကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များကို ယခုနှစ် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ကျေးရွာကြီး၊ ကျေးရွာလတ်၊ ကျေးရွာငယ်များ အပါအဝင် ကျေးရွာပေါင်း ၆၀၀၀၀ကျော်တွင်လည်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်နိုင်ရေးကို ၂၀၀၅–၂၀၀၆ခုနှစ် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတပြည့်ပြည့်ဝဝ တိုးတက် ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်နှင့် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် လူမျိုးအတွက် အရေးပါသည့်လုပ်ငန်းဖြစ်၍ စေတနာရှင်ပြည်သူများ အပါအဝင် တာဝန်ရှိသူ အသီးသီးကလည်း ပူးပေါင်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

### အမှာစကားပြောကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## အထူးကျေးဇူးတင်ရှိပါကြောင်း

## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**ပထမအကြိမ်လှူဒါန်းပွဲ (၁၇–၈–၂၀၀၄)ရက်နေ့တွင်
စာအုပ်၊ စာစောင်ပေါင်း (၁၄၃၂၅)အုပ်၊ ငွေကျပ်(၉၀၀၀၀)နှင့်
ဒုတိယအကြိမ်လှူဒါန်းပွဲ(၇–၉–၂၀၀၄)ရက်နေ့တွင်
စာအုပ်၊စာစောင်ပေါင်း(၁၂၉၆၃၂)အုပ်၊ ငွေကျပ်(၁၅၄၄၀၀၀)
လှူဒါန်း လက်ခံရရှိပါသည်။**

**လှူဒါန်းကြသည့်စေတနာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါသည်။**
**တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးနှင့်လှူဒါန်းပွဲကို မကြာမီ ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။**

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရိပ်သာ(၁)လမ်း၊ အမှတ်(၇၀)(အီး)နေ နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဦးကိုကိုထူး–ဒေါ်စန္ဒာအောင်(သားလေး)မောင်မင်းသီဟထူး (သမီးလေး)မဆုသီရိထူးမိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ဒုတိယအရစ် ငွေကျပ်သိန်းတစ်ရာကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဩဂုတ် ၂၈ရက်က ပေးအပ်လှူဒါန်းစဉ်။**

(က–ပ)




## အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘိလိယက်ပြိုင်ပွဲ မန္တလေး၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသည့် ပထမအကြိမ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘိလိယက် အကြီးတန်းနှင့် အငယ်တန်း ပြိုင်ပွဲကိုမန္တလေးမြို့ရှိ Fantasy World ဘိလိယက်စင်တာတွင် အောက်တိုဘာ ၁ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ဘိလိယက် အားကစားသမားဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဆုကြေးအဖြစ် အကြီးတန်းပြိုင်ပွဲအတွက် ပထမဆုကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်းနှင့် တတိယဆု ကျပ်တစ်သိန်း၊ အငယ်တန်းပြိုင်ပွဲအတွက် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆုကျပ်နှစ်သိန်းနှင့် တတိယဆု ကျပ်တစ်သိန်းချီးမြှင့်မည်ဖြစ်သည်။

ရန်ကုန်မှပြိုင်ပွဲဝင်မည့် အားကစားသမားများအတွက် သွားလာမှုနှင့် နေထိုင်ရေးအတွက် အဖွဲ့ချုပ်မှ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လျှောက်လွှာများကို မန္တလေးမြို့ရှိ Fantasy World Centerတွင် လည်းကောင်း၊ ဦးကျောက်ခဲ(ခ) ဦးမျိုးတင့်၊ အဖွဲ့ချုပ်အမှုဆောင် (မြို့မဘိလိယက်အားကစားအသင်း၊ မန္တလေး)ထံတွင်လည်းကောင်း၊ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တွင်လည်းကောင်း စက်တင်ဘာ ၂၇ ရက် နောက်ဆုံးထား ပေးသွင်းနိုင်ကြောင်းသိရသည်။ အသေးစိတ်သိရှိလိုပါက အတွင်းရေးမှူး ဦးဝင်းမြင့်မြတ် ဖုန်း–၀၉–၅၀၀–၂၁၉၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

### မြစ်ရေအခြေအနေ

ရန်ကုန် စက်တင်ဘာ ၁၀

**သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့နံနက် ၀၆း၃၀ အချိန်၌ ၆စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ၃၀စင်တီမီတာ (တစ်ပေခန့်)တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။**

**စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့**

- ✱ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။
- ✱ သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ✱ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- ✱ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့်လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- ✱ အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# ဝန်ကြီးဗိုလ်ချုပ်စိန်ထွား မီးသတ်ယာဉ်များ လေ့ကျင့်မှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံးချုပ်၌ နိုင်ငံတော်က ဝယ်ယူဖြည့်တင်းပေးသော ဆုံလည်လှေကားတင် မီးသတ်ယာဉ်တစ်စီးအပါအဝင် အခြားမီးသတ်ယာဉ်များ၏ လေ့ကျင့်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)

**တက်ရောက်**

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ တက်ရောက်ကြပြီး ဝန်ကြီးက လေ့ကျင့်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားသည်။ (သတင်းစဉ်)





# ရွှေနိုင်ငံဂျာနယ် အတွဲ(၃) အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်၊ ပညာရေးဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ် (၁၀)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

**(ယာပုံ)**



အဆိုပါဂျာနယ်တွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံတွင် ပထဦးဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကြည့်ရှုအားပေးသည့်သတင်း၊ ကေတုနီလာ၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၊ ကြည်လင်း (ဆေး)၊ ညွန့်ဟံ (ကြူတော)၊ တက္ကသိုလ်သခ်၊ ဒါရိုက်တာနေလ၊ မောင်ပညာကျော်၊ သော့ချက် (ချင်းပြည်နယ်)၊ မောင်မီဒီယာ၊ တောင်ဇလပ်သူတို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ ပုဂံမွေးကြည်၊ ရွှေညာမောင်ကြီး(မြစ်ငယ်)တို့၏ ကဗျာများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသ ဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာ ဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။ (က–ပ)

# ကြည့်ရှုစစ်ဆေး

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အောင်စိန်လင်းကုမ္ပဏီ သစ်အချောထည်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**

(သစ်တောရေးရာ)



# စူပါသတင်းဂျာနယ်ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၁၀**

တစ်ရံရောအခါက ဆောင်းဟေးရဲ့ ဆည်းဆာရင်ခုန်သံ၊ ဂီတသက်တမ်း ၁၅နှစ်ခရီး ဖြတ်သန်းခဲ့သော တင့်တင့်ထွန်း၏ ပုံရိပ်များ၊ သီချင်းဟောင်းတွေကို Live Show လုပ်ကြတဲ့အပေါ် ဒါရိုက်တာ ဝဏ္ဏခွာနီးရဲ့အမြင်၊ မြန်မာနိုင်ငံသား အမျိုးသမီးများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်တဲ့ ပထမဆုံးအကြိမ်ကျင်းပမည့် Miss Asean Culture Myanmar ပြိုင်ပွဲ၊ ပင်လယ်ကမ်းခြေ ရောက်သွားတဲ့ လူနှစ်ယောက်နဲ့ ကမ်းခြေက မင်းသမီးလေးအကြောင်း ပြောတဲ့ လွင်မိုး စသော ပြည်တွင်း ပြည်ပ ရုပ်ရှင်ဂီတ စူပါအနုပညာရှင်တို့၏ ဘဝအလှများနှင့်အတူ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အေးဝတ်ရည်သောင်း၏ အလှစတိုင်လ် ရောင်စုံ ဓာတ်ပုံဖြင့် "စူပါ" သတင်းဂျာနယ် အမှတ် (၃၀)ကို ဆင်တောင်ကြီးစာပေ၊ အမှတ် (၄၁)၊ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ (က–ပ)

# သစ်အချောထည်စက်ရုံများနှင့် သစ်အရောင်းဆိုင်များ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၀

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးမြင့်မောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်အမှတ်(၁)ရှိ** Sanfoco Wood Industries Ltd. **၏ သစ်အချောထည်စက်ရုံ၊ လင်းဝင်းကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံ အမှတ်(၁)နှင့် အောင်စိန်လင်းကုမ္ပဏီလီမိတက်၏ သစ်အခြေခံ စက်မှုအလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။**

**မှာကြား**

ဝန်ကြီးသည် သစ်အချောထည်စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် သစ်အချောထည် လုပ်ငန်းနည်းပညာ ပိုမိုရရှိရေး၊ အခြားဥရောပဈေးကွက်သို့ ထိုးဖောက်တင်သွင်းရောင်းချရေး၊ ဈေးကွက်တွင် End User ရရှိရေး၊ တန်ဖိုးနည်းသစ်များမှ တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် နည်းပညာရရှိရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ သစ်အရောင်းဆိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ သစ်အရောင်းဆိုင်တို့သို့ သွားရောက်ပြီး သစ်ခွဲသားများရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် သစ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှန်တကယ်အသုံးပြုမည့် ပြည်သူများ လွတ်လပ်စွာ ဝယ်ယူနိုင်ရေးနှင့် ပစ္စည်းများမပြတ်လပ်စေရေး စီစဉ်ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်။



❖ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ဆက်သွယ်ပါ။

❖ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။


# မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၏ (၃/ ၂၀၀၄) အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၏ (၃/၂၀၀၄)အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အဖွဲ့ချုပ်ရုံးခန်း၌ကျင်းပရာ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် နာယက ဦးကြည်ညွန့်(စစ်ကိုင်းကြည်ညွန့်)၊ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်းလမ်းမတော်)၊ ဦးဉာဏ်ထွန်း(လေးကိုကို)နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ချုပ်အမှုဆောင်အင်အားတိုးချဲ့မှု၊ အဖွဲ့ဝင်အသစ်များလက်ခံမှု၊ အားကစားဟောပြောပွဲနှင့် သရုပ်ပြပွဲများကျင်းပရန် စီစဉ်ထားမှု၊ အဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ဂျာနယ်၊ ပြက္ခဒိန်ထုတ်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု စသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှုဆောင် ဦးကျော်စိန်သန်းက မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၏ (၂/ ၂၀၀၄) အစည်းအဝေးမှတ်တမ်းကို တင်ပြပြီး တက်ရောက်လာကြသူများက ရှေ့တွင် ဆက်လက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၏ (၃/ ၂၀၀၄)အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

AVAILABLE NOW

Magnificent Myanmar (1988-2003)



☆ Magnificent Myanmar (1988-2003) published by the Ministry of Information presents a panoramic view of development in various sectors of Myanmar from 1988 to 2003, illustrated with photographs, charts, statistical data and dates of historical events.

☆ This book provides a comprehensive range of facts on Myanmar which will be a reliable and valuable source of reference for scholars, researchers and the general reading public.



☆ Readers are advised to buy the book while they are still available because only limited number of copies has been printed.

ON SALE USD 3.00 per copy

AVAILABLE AT

SARPAY BEIKMAN BOOKSHOP, 529-531, MERCHANT STREET, YANGON ☎ : 381446, 283068

NEWS AND PERIODICAL ENTERPRISE BOOKSHOP, 212 THEINBYU ROAD, YANGON ☎ : 294237

DELIVERY

PURCHASES OF 5 BOOKS AND ABOVE WILL BE DELIVERED TO ANY ADDRESS WITHIN YANGON ON REQUEST.

အလီမှာ GCE ဘာသာရပ် သင်တန်းများ

City & Guilds (UK, London) Engineering & IT Diploma

TECH

- Civil Engineering
- Electronics Engineering
- Mechanical Engineering
- Electrical Power Engineering
- Mechatronics Engineering
- Information Technology

( တန်းခွဲသစ်များ စက်တင်ဘာ (၂၀) ရက်စတင်မည်။ )

☎ 707110, 226521, 509106

EVER CLEAN CO.,LTD.

ဝန်ထမ်းအလိုရှိသည်

Ever Clean Co.,Ltd.

# လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုခြင်း

မြန်မာနိုင်ငံတွင် ၂၅–၈–၂၀၀၄ရက်နေ့၌ပြုလုပ်ခဲ့သည့် ပထမဦးဆုံး အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် မေ့ဆေးပိုင်းဆိုင်ရာနှင့် အထူးကြပ်မတ်ကုသမှုဆိုင်ရာတို့ကို အောင်မြင်စွာ စွမ်းဆောင်ခဲ့ကြသည့် **ပါမောက္ခ/ ဌာနမှူး ဒေါက်တာဦးတင်မြင့်** ဦးဆောင်သော မေ့ဆေးပညာနှင့် အထူးကြပ်မတ်ကုသမှုအဖွဲ့အား လှိုက်လှဲစွာချီးကျူးဂုဏ်ပြုအပ်ပါသည်။

**မြန်မာနိုင်ငံမေ့ဆေးဆရာဝန်များအသင်း။**

KMD Computer Centre

Year-2 သင်တန်းလျှောက်လွှာ ခေါ်ယူခြင်း

သင်တန်းဖွင့်မည့်ရက်

13 September 2004 (7:00-11:00) Mon to Fri

ICT Professionals

International Advanced Diploma IAD (Year Two) / BCIS (Year Three) / B.Sc. Honours Degree / Master Degree

Further Studies

Year-1 IDCS/IDEC → Year-2 IAD → Year-3 BCIS → Master Degree M.Sc

No.550-552, Corner of Merchant Road & 38th Street, Kyauktada Township, Yangon, Myanmar.

True Hope

☎ 250352

Y.E.S.

Basic Spoken English : SEP- 13,18,20,27

Pre-Intermediate English : SEP - 13,25,27

SAT (I) & Intermediate English : SEP - 1, 20

English Language Proficiency(4 Skills) : SEP - 13

Grammar Foundation Course : SEP - 18

Basic Writing, Academic Writing : SEP - 27

IELTS, TOEFL, SAT (II), Vocabulary Enrichment

No.190, 2nd Flr., 28th St.(Upper), Pabedan Tsp. ☎ 243950

## ရန်ကုန်မိုးရေချိန်

(၁၀–၉–၂၀၀၄)

**မင်္ဂလာဒုံ**

၁ ဒသမ ၃၄ လက်မ

**ရန်ကုန်မြို့လယ်**

၀ ဒသမ ၈၃ လက်မ

**ကမ္ဘာအေး**

၀ ဒသမ ၇၅ လက်မ

Excel Shopping Mall

14.8.04 To 18.9.04

ဈေးရောင်းပွဲတော်ကို နံနက် ( 9:00 ) နာရီမှ ည ( 9:00 ) နာရီထိ Excel Shopping Mall တွင်ကျင်းပနေပါပြီ။ Shopping Mall ၌ စျေးဝယ်သည့် ဆိုင်တွင်မဆို (5000) ကျပ် နှင့် အထက် ဝယ်ယူအားပေးကြသော မိတ်ဆွေများကို ကံစမ်းမဲ Coupon များ ပေးနေပါပြီ ။

ကံစမ်းမဲဆုများ - ပထမ LG 29" Flat T.V

ဒုတိယ KELON Refrigerator (2 doors)

တတိယ SANYO 14" T.V

ကံစမ်းမဲဖွင့်ပွဲ ( 19.9.2004 ) နေ့ (4 to 6) PM တွင်

Talent & Model အဖွဲ့နှင့် ပူးပေါင်းဆင်နွှဲပါမည်။

✱19.9.04 နေ့ (10 AM to 4PM) အတွင်း PIAS Make Up Demostration

အမှတ် (520)၊ Tel : 559377

ကံ့နွဲ့ ®

ကံ့နွဲ့

☎ ၀၁-၅၂၆၂၂၂



မြတ်သဒ္ဒာ

MENTOR LMC

Mon & Tue 7:30-9:00 a.m. 28-Sep-2004

Mon & Tue 6:00-7:30 p.m. 05-Oct-2004

## မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန်အထွေထွေလုပ်သားများခေါ်ယူခြင်း

၁။မလေးရှားနိုင်ငံရှိ စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားအင်အား(၁၅၀)ခန့်လိုအပ်လျက်ရှိပါသည်။ လုပ်သားအနေဖြင့် အောက်ပါအတိုင်း ခံစားခွင့်ရှိမည်ဖြစ်ပါသည်–

(က) တစ်ရက်အလုပ်ချိန်(၈)နာရီ

(ခ) အခြေခံလစာတစ်ရက် ၂၁/၂၅ ရင်းဂစ်

(ဂ) တစ်လလျှင် အချိန်ပို (၇၀)နာရီ အနည်းဆုံးရနိုင်ပြီး သာမန်နှုန်းထက် ၁.၅ ဆရရှိမည်။

(ဃ) နယ်မှ လာရောက်လျှောက်ထားသော လုပ်သားများအတွက် အလုပ်လျှောက်ထားစဉ် အခမဲ့တည်းခိုနိုင်ရေးစီစဉ်ပေးသည်။

၂။ ဝန်ဆောင်ခမှာ ၆.၅သိန်းခွဲ ဖြစ်ပါသည်။ လူတွေ့စစ်မေးခြင်းကို ၂၂–၉–၂၀၀၄ရက်မှ ၂၄–၉–၂၀၀၄ရက်တွင်ပြုလုပ်မည်ဖြစ်ပါသည်။အသေးစိတ်သိလိုပါက ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်၊ အမှတ်(၁၁၁)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ဖုန်း–၆၄၂၄၇၃၊ ၆၄၂၉၀၂တို့သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

KHIND ခင်ကမ္ဘာ

Air Con အထူးဈေးရောင်းပွဲတော်

COMPRESSOR (၁) နှစ် အာမခံလည်းရှိ၊ ပွဲတော်ဈေးနှုန်းလည်းဖြစ်၊

SPLIT TYPE (1.0 HP) ၁ ကောင် (ပုံမှန်ဈေး 200000) (ပွဲတော်ဈေး 185000)

SPLIT TYPE (1.5 HP) ၁ ကောင်ခွဲ (ပုံမှန်ဈေး 250000) (ပွဲတော်ဈေး 235000)

❖ Air Con ... / V9 / MULTI BRAND ... MK / TV ...

❖ ... Microwave oven ... Multipurpose ... Slow Cooker ... Blander ... Hair Dryer ... Socket ... Warranty ...

Show Room & Service Centre ☎ - 380475, 700904, 240935

NIBBAN ELECTRIC & ELECTRONICS

ISO 9001:2000

# ဝမ်းမြောက်ဂုဏ်ယူခြင်း

NIBBAN ELECTRIC & ELECTRONICS လုပ်ငန်းသည် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေး စီမံခန့်ခွဲမှုစနစ် ISO 9001 : 2000 လက်မှတ်ကို (၁၃.၈.၂၀၀၄) ရက်နေ့တွင် ထိုက်ထိုက်တန်တန် ရရှိခြင်းအတွက်များစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် လုပ်ငန်းပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

(၁)ဦးဝင်းမြင့်(ဥက္ကဋ္ဌ)ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၂)ဦးဝင်းအောင်(ဒု–ဥက္ကဋ္ဌ)ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၃)ဦးဇော်မင်းဝင်း(ဒု–ဥက္ကဋ္ဌ)ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၄)ဦးထိန်ဝင်း(ဥက္ကဋ္ဌ)မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

(၅)ဒေါက်တာကျော်ထင်(ဒု–ဥက္ကဋ္ဌ)မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

(၆)ဒေါက်တာစိန်မြင့်(ဥက္ကဋ္ဌ)မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(၇)ဦးမြင့်ဖိုး(ဥက္ကဋ္ဌ)မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(၈)ဦးအောင်လွင်(ဥက္ကဋ္ဌ)မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

(၉)ဒေါက်တာမောင်မောင်လေး(ဥက္ကဋ္ဌ)မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း

(၁၀)ဦးထွန်းအောင်(ဥက္ကဋ္ဌ)မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း

(၁၁)ဦးမျိုးသန့်(ဥက္ကဋ္ဌ)မြန်မာနိုင်ငံအကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များအသင်း


## မွေးနေ့ဆုတောင်း

၁၁–၉–၂၀၀၄ ရက်နေ့တွင်ကျရောက်တဲ့ သားလေးရာဇာမောင်မောင်ရဲ့ (၂)နှစ်မြောက် မွေးနေ့မှစ၍ နှစ်(၁၀၀)ရာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့ပါစေ။

**ချစ်ဒယ်ဒီ – ရဲအုပ်လှအောင် (စခန်းမှူး၊ ပုဇွန်တောင်ရဲစခန်း)**

**ချစ်မာမီ – ဒေါ်ဝင်းဝင်းမော်**

**ချစ်မမများ – အိမွန်ကျော်၊ ယမင်းပပမော်။**

## မွေးနေ့မင်္ဂလာဆုမွန်လွှာ

(၁၁–၉–၂၀၀၄)ရက်တွင် ကျရောက်တဲ့ သားချစ်လေးမောင်ဖွဲ့ခန့်ထွန်းလင်းရဲ့ (၃)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ(များစွာ)အသက်ရှည်၍အနာကင်းပါစေကြောင်း၊ ကောင်းသောအောင်မြင်တိုးတက်မှုများအားလုံး သားချစ်လေးပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–––။

**ဘိုးဘိုး–ဘွားဘွားများ – ဦးမောင်သောင်း–ဒေါ်ကြည်ဝင်း**
**ဦးဝင်းမြင့်–ဒေါ်တင်ဥ**

**ဖေဖေ–မေမေ – ဦးထွန်းလင်းသောင်း–ဒေါ်ကေခိုင်ဦး**

## မွေးနေ့ဆုတောင်း

သားလေး**မောင်ဖွဲ့ခန့်ထွန်းလင်း(သားချစ်)** (၁၁–၉–၂၀၀၄) ရက်တွင်ကျရောက်တဲ့ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ဘိုး၊ ဘွား၊ ဖေ၊ မေတို့နှင့်အတူ သာယာချမ်းမြေ့သောဘဝခရီးလမ်းကို လျှောက်လှမ်း၍ ထူးချွန်ထက်မြက်တဲ့ ပညာတတ်ကြီးတစ်ယောက် ဖြစ်နိုင်ပါစေ။

Aung Thaung Co. Ltd နှင့်

Yangon Transformer and Electrical Co., Ltd မှ

ဝန်ထမ်းများ

## အမည်ပြောင်းခြင်း

ဦးဖိုးဟန်မောင်၏သမီး မသင်းသင်းဝင်း အထက(၆) ဒသမတန်း စစ်တွေအား ယနေ့မှစ၍ မစန္ဒာအေးဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မစန္ဒာအေး။**

## ဖခင်အမည်မှန်

အထက(၁) မင်္ဂလာတောင်ညွန့်၊ ဒသမတန်း(E)မှ မကဥ္စနာကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်(ခ)ဦးမြင့်အောင် [၁၂/မဂတ(နိုင်)၀၇၅၆၃၈]ဖြစ်ပါကြောင်း။

## သားသားစွမ်းရည်ဝင်း(စွမ်းစွမ်း)

အတွက်

## (၃)နှစ်ပြည့်မွေးနေ့ဆုမွန်လွှာ

သားသားရဲ့ ၁၁–၉–၂၀၀၄ မွေးနေ့မှစ၍ နောင်နှစ်ပေါင်း ၁၂၀ တိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံပြီးနိုင်ငံအကျိုးကို စွမ်းစွမ်းတမံသယ်ပိုးနိုင်သော ထက်မြက်သည့် သားကောင်းရတနာဖြစ်ပါစေ။

**ဘွားဘွား– ဒေါ်အေးအေးသန်း (အေးကြီး)**

**ဖေဖေ – ဦးဇော်လွင်** **(A.G.T.I-Civil) B.Sc -°Phy**

**မေမေ – ဒေါ်ခင်ခင်ကျော်** **(A.G.T.I-Civil) B.Sc -Bot**

**ဘဘ – ဦးကျော်ကျော်ဦး** **(A.G.T.I-MP) Dip IT**

**ဦးဦး – ကျော်စွာလင်း** **Final Year -Chem**

**တီတီ – အိအိဇင်** **B.Sc . Math**

**တီတီ – နွယ်နွယ်ဦး** **2nd Year Eng**

## ဝန်ထမ်းအလိုရှိပါသည်

### (ပြည်တွင်း၌သာခန့်ထားရန်)

စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

**Trainee Sales Representative** **ကျား (၁၅) ဦး**

- အခြေခံပညာအဆင့်မြင့်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက်(၁၈–၂၈)နှစ်ကြားဖြစ်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိပြီး၊ မော်တော်ယာဉ်ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။
- မြန်မာနိုင်ငံ၏ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာသည့်နေ့မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ အောင်လက်မှတ် Originalများ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာမူရင်း (လွန်ခဲ့သောတစ်လအတွင်း ထောက်ခံချက်)များရယူ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်**

**အမှတ်(၁၅–၁၆)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**


Stamford-City Business Institute

သင်တန်းသစ်များ

အင်္ဂလိပ်စာသင်တန်းများ — Elementary, Intermediate I, Intermediate II Advanced, Proficiency, TOEFL, IELTS

ဂျာမန်စာသင်တန်းများ — * Beginner , Advanced & Intensive

ကွန်ပြူတာသင်တန်းများ — * Basic and Advance Computer * Computerized Accounting Programme

FMI Center, 5th Floor, 380, Bogoyoke Aung San Street, Pabedan T/S, Yangon.
Phone: 240347-352, Ext: 1508


## ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

| | |
|---|---|
| ၁။ မော်တော်ယာဉ်မှူး | ကျား (၂) ဦး |
| ၂။ မော်တော်ယာဉ်စက်ပြင်ကျွမ်းကျင် | ကျား (၂) ဦး |
| ၃။ မော်တော်ယာဉ်ဝါယာရိန်းကျွမ်းကျင် | ကျား (၂) ဦး |
| ၄။ ယာဉ်ကြီးမောင်း | ကျား (၃) ဦး |
| ၅။ ယာဉ်ငယ်မောင်း | ကျား (၅) ဦး |

အမှတ်(၁၊ ၄၊ ၅)အတွက် ၁၀ တန်းအောင်၊ အင်္ဂလိပ်စကားပြောနိုင်သူဦးစားပေးမည်။ ကြော်ငြာပါသည့်နေ့မှစ၍ ၁၄ ရက်အတွင်း လျှောက်လွှာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်နှင့်အတူ Adventure Myanmar Travels & Tours အမှတ်(၆၀၄/၆၀၅/၆၀၆)၊ ၆–လွှာ၊ ဗိုလ်တထောင်ကွန်ဒိုမီနီယံ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။


Suntac Education

Computer for nExt Generation

Course Syllabus

Basic computer knowledge, Application(Microsoft Office), Programming (VB), Designing (Photoshop & Image Ready) and Internet Literacy

Room 4, Bldg 4, MICT Park, Hlaing University campus, Hlaing T/S, Yangon. Ph: 652246



Ph: 249380, 720609, 710696





Bua Thai Restaurant

20% Discount

PANDA

> TV, VCD, DVD
> WASHING MACHINE
> AIR CON
> REFRIGERATOR

Phone : 373531

အမြန်ဝယ်လိုသည်

## အထက(၂)ဗဟန်း (နန်းယန်) ကျောင်းသား/ သူဟောင်းများ၏ သတ္တမအကြိမ်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးဖိတ်ကြားခြင်း

ကျွန်တော်၊ ကျွန်မတို့၏ ဘဝများကို တောက်ပြောင်လာစေရန် မိဘများနှင့် ပူးပေါင်းကာ ဆရာ့ဝတ်ကျေပွန်စွာဖြင့် လမ်းညွှန်ပြသ၊ ပဲ့ပြင်ဆုံးမပေးခဲ့ကြပါသော သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား တွေ့ဆုံဂါရဝပြုကန်တော့လိုပါသောကြောင့် အထက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် အာသီသတို့ကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ အထက(၂)ဗဟန်း၊ (နန်းယန်)တွင် ပညာသင်ယူခဲ့ကြသော ၁၉၆၆-၂၀၀၄ ကျောင်းသား၊သူဟောင်း ညီအစ်ကိုမောင်နှမများအားလုံး တက်ရောက်ညှိနှိုင်းဆွေးနွေးပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** **၂၆-၉-၂၀၀၄ (တနင်္ဂနွေနေ့)**
**ကျင်းပမည့်အချိန်** **နံနက် (၁၁:၀၀)နာရီ**
**ကျင်းပမည့်နေရာ** **အထက(၂) ဗဟန်းကျောင်းစည်းဝေးခန်းမ။**

**အမှုဆောင်အဖွဲ့။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (ထ/၁၉၈၀) အမျိုးအမည် တိုယိုတာဟိုင်းလပ်၊ အမျိုးအစား ပစ်ကပ်ယာဉ်အား ယာဉ်လက် ဝယ်ရှိသူ ဦးမောင်ထွေး နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်[၁၂/သဃက(နိုင်)၁၅၁၂၇၂]က မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများယနေ့မှစ၍ ရက်ပေါင်း ၃၀အတွင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြောက် ပိုင်းခရိုင်ရုံး(အင်းစိန်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊အင်းစိန်။**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦးဒါယိကာမကြီး**

## ဒေါ်ငွေညွန့် (၉၅)နှစ်

**ဆရာမကြီး(အငြိမ်းစား)**
**(သဟာယပွဲရုံမိခင်ကြီး)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၄)လမ်း၊ အမှတ်(၃၃-၃၅)နေ ပွဲစားကြီး (ဦးအုန်းဖေ)၏ ဇနီး၊ ဦးသန်းအောင်ဖေ(သဟာယ)၊ ဒေါ်နီနီဝေတို့၏ မွေးသ မိခင်ကျေးဇူးရှင်၊ ကိုရဲထွဋ်အောင်(သဟာယ)-မနုနုယဉ်(ကြာညိုသင်းအလှကုန်)တို့၏အဘွား၊ မဆုလဲ့ဝတီ၏ ဘွားဘွားကြီးသည် ၁၀-၉-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးငွေးလွင်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁) အနော်မာရပ်ကွက်၊ လမ်းသစ်(၂)လမ်း၊ အမှတ်(၇)နေ (ဦးဘစိန်- ဒေါ်ရွှေဖြန့်)တို့၏ သား၊ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ ဦးမောင်ကို - မမြင့်မြင့်လွင်(ဒေါ်ပုံ စည်ပင်)၊ မညိုညိုလွင်(ဒေါ်ပုံ စည်ပင်)၊ ဦးအောင်ဇော်မင်း - မသက်သက်လွင်(သတင်းတပ်ဖွဲ့)၊ ဗိုလ်မှူးဇော်ရန်နိုင်-မနွယ်နွယ်လွင်(Exotissimo Travel)၊ မခင်ဆွေလွင်(စည်ပင်ယာ/အုံ)၊ ကိုရဲနန္ဒာလွင်(ဒဂုံတောင်တရားရုံး)-မသင်းသင်းဆွေတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၀-၉-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

**ရဟန်းဒါယကာကြီး**

## ဦးမြိုင်

**အသက်(၇၀)**

**တောင်ချောင်းဆုံရွာ (တန့်ဆည်)**
**တန့်ဆည်မြို့နယ်ရာသက်ပန်အသင်းဝင်**

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊(၂၅)ရပ်ကွက်၊ အမှတ် (၃၃၆)၊ ရွှေနှင်းဆီ ဖလမ်းနေ(ဦးဖိုးဝယ်-ဒေါ်ပု)တို့၏သား၊ဦးကျော်ဇင်-ဒေါ်ငွေးငွေးဝင်း၊ ဦးဇော်ကြီး-ဒေါ်တင်မာသန်း၊(ကိုထွန်းထွန်းလွင်)၊ (ကိုထွန်းထွန်းနိုင်)-မချိုချိုသန်း၊ကိုကျော်ဟန်-မငွေးငွေးလတ်၊ ကိုသန်းနိုင်-မကြည်ကြည်မြင့်တို့၏ ဖခင်၊ ဒေါ်ငြိမ်း၏ခင်ပွန်း၊မြေးကိုးယောက်တို့၏ အဘိုးသည် ၈-၉-၂၀၀၄ရက်တွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်အေးအေး

**အသက်(၅၇)နှစ်**

**စာရင်းကိုင်(၃)၊ ငွေစာရင်းဦးစီး**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**(ဥက္ကံ၊ပျဉ်းမကုန်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၁၁)နေ ဦးအောင်သိန်း-ဒေါ်ခင်ပုတို့၏ သမီး၊ ဦးဖိုး-ဒေါ်ကြင်မြတို့၏သမီးချွေးမ၊ ဦးကျော်ဝင်း-ဒေါ်တင်ယုံ၊ ဦးစိုးတင်-ဒေါ်နွဲ့နွဲ့ဝင်းတို့၏ ညီမ၊ ဦးမြင့်တင်-ဒေါ်တင်ပိုက်တို့၏ အစ်မ၊ ဦးစန်းမြိုင်၏ ဇနီး၊ မခိုင်သစ္စာစံ၊ မောင်နေလင်းအောင်တို့၏ မိခင် ဒေါ်အေးအေးသည် ၁၀-၉-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးခူကေချောင်း (ခ) ဦးပါ

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၂)လမ်း အမှတ်(၁၀၆)နှင့် လမ်း(၂၀)၊ အမှတ်(၁၁၃/B)နေ (ဦးခူစူချွန်း-ဒေါ်လင်လျူချော)တို့၏သား၊အွန်လေယွန်၏ ခင်ပွန်း၊ ဦးအောင်စိန်-ဒေါ်စန်းစန်းဝင်း၊ ဒေါ်မြမြဝင်း၊ ဦးမြသောင်း-ဒေါ်မိမိအေး၊ ဒေါ်နီလာဝင်းတို့၏ ဖခင်၊ မယဉ်မင်းသူ၊ မသင်းသင်းနိုင်၊ မခိုင်စုသီ၊ မစတက်ဖနီချန်းတို့၏ အဘိုးသည် ၉-၉-၂၀၀၄ ရက်တွင် အမှတ်(၂)တပ်မတော် ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ (စနေနေ့) နံနက် ၁၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (လမ်း၂၀နေအိမ်မှ ကားများ နံနက် ၉:၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ငွေးကြည်

**အသက်(၅၈)နှစ်**

**(ဝါးခယ်မ)**

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နေ (ဦးချစ်ဖေ-ဒေါ်အေးတင့်)တို့၏ သမီး၊ (ဦးခွေးနီ)-ဒေါ်ဖွားတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၈၁)မြေညီထပ်နေ (ဦးမင်းထွန်း)၏ ဇနီး၊ ဦးတင်ဝင်း(ဗိုလ်ကြီး၊ ငြိမ်း)-ဒေါ်လှိုင်လှိုင်ယဉ်တို့၏ ညီမ၊ မယမင်းထွန်း(ခ)မင်းမင်း၊ ကိုမျိုးသက်အောင်၊ (မအိဖြူမင်းထွန်း)၊ မောင်လင်းမင်းထွန်း၊ မောင်သုခမင်းထွန်းတို့၏ ချစ်လှစွာသော မိခင်သည် ၁၀-၉-၂၀၀၄(သောကြာနေ့) တွင် ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## မချိုတူး

**အသက်(၄၉)နှစ်**

**(ရွှေဘို)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊စက်မှု(၁)၊ ဝန်ထမ်းအိမ်ရာ၊တိုက်(၁၅)၊အခန်း(၉)နေ (ဦးဘဝင်း-ဒေါ်မြဆင်)တို့၏ သမီး၊ ဦးတင်သန်း-ဒေါ်ကြည်၊ ဦးသန်းမြင့်-ဒေါ်မြင့်မြင့်၊ ဦးမြင့်အေး-ဒေါ်ကြင်သန်း၊ ဦးခင်မောင်သိန်း-ဒေါ်ချော၊ ဒေါ်ညိုညို၊ ဒေါ်သောင်းသောင်းဝင်းတို့၏ ညီမ၊ ဦးအုန်းကြိုင်(စက်မှုကြွေ/မြေ)-ဒေါ်စန်းစန်းဝေတို့၏ အစ်မ၊ မမေသန္တာဝင်း (Myanmar Time)၊ မောင်အောင်မြင်၊ မောင်မျိုးဆက်တို့၏ အဒေါ်သည် ၉-၉-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၁-၉-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(စက်မှု-၁၊ဝန်ထမ်းအိမ်ရာနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန်ဒါယကာကြီး**

## ဦးရွှေ (၉၃)နှစ်

**(ဒိုက်ဦး)**

ဒိုက်ဦးမြို့၊ အမှတ်(၄၉)၊ မင်းလမ်းနေ ဒေါ်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်လှ-ဒေါ်ကျင်ကြူ၊ ဦးအာတီ-ဒေါ်ဝင်းကြည်၊ ဦးလေရှင်း-ဒေါ်ကျင်ပို့၊ ဦးလှဝင်း-ဒေါ်နွယ်နွယ်အေး၊ (ဦးကြည်လှိုင်)-ဒေါ်ဖြူနှင်းလွင်၊ ဦးခင်မောင်အေး-ဒေါ်ခင်နှင်းလွင်၊ ဦးမောင်မောင်လေး-ဒေါ်ကေသွယ်၊ ဦးလှကြည်-ဒေါ်တင်တင်ဝင်း၊ဦးလှရွှေ-ဒေါ်လှလှခိုင်၊ ဦးကြည်ထွန်း-ဒေါ်မြမြခိုင်၊ ဦးစန်းလွင်ဦး-ဒေါ်စိန်စိန်၊ ဦးမောင်မောင်ထွေး-ဒေါ်ဝင်းဝင်းခိုင်၊ ဦးညီညီအောင်-ဒေါ်မိုးသူဇာ၊ ဦးကြည်လင်း-ဒေါ်ရီရီစန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင် မွေးသဖခင်၊ မြေး ၅၉ ယောက်တို့၏ အဘိုး၊ မြစ်၃၀ယောက်တို့၏ အဘေး ဦးရွှေသည် ၉-၉-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဒိုက်ဦးမြို့နေအိမ်မှ ဒိုက်ဦးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

**ဘုရား၊ ရဟန်း၊ တန်ဆောင်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်လှ (၇၇)နှစ်

**မင်္ဂလာမွန်ဈေး**

ရန်ကုန်မြို့၊ (၁၅၂)လမ်း၊ အမှတ်(၁၂)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ (ဦးရွှေမောင်)၏မြေး၊ (ဦးတိန်၊ ဧရာဝတီငွေတိုက်အရာရှိ၊ ငြိမ်း-ဒေါ်အုန်း)၊ (ဦးသက်-ဒေါ်ကြည်)တို့၏သမီး၊ ဦးကျော်စံမြင့်(လ/ထတိုင်းပညာရေးမှူး၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းငွေးအောင်(နှင်းနှင်းခိုင်ကုမ္ပဏီ)၊ ဦးကံကြီး-ဒေါ်ခင်သင်းကြူ(ဗိုလ်ချုပ်ဈေးသစ်)၊ ဦးအောင်ဆန်းမြင့်-ဒေါ်သန်းသန်းငွေး(ကျောင်းအုပ်၊ အမက-၂၂၊ တာမွေ)၊ ဦးမောင်မောင်သာစု-ဒေါ်ခင်သင်းမာ၊ ဦးဝဏ္ဏလှကျော်-ဒေါ်လှမြင့်သူ(မင်္ဂလာမွန်ဈေး)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၀-၉-၂၀၀၄(သောကြာနေ့) တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၀နာရီတွင် ထွက်ပါမည်)။

ကျန်ရစ်သူမိသားစု။

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာအောင်ကိုကို(ဆမ-၅၉၁၁)

**M.B.,B.S.(Ygn.) M.Med. Occupational Medicine၊ S'pore ဆေးမှူးချုပ်**

**အသက်(၅၃)နှစ်**

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

ဒေါက်တာအောင်ကိုကို (ဆေးမှူးချုပ်)သည် ၈-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ၊**
**ကျန်းမာရေးဦးစီးဌာန။**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာအောင်ကိုကို(ဆမ-၅၉၁၁)

**M.B.,B.S.(Ygn.) M.Med. Occupational Medicine၊ S'pore ဆေးမှူးချုပ်**

**အသက်(၅၃)နှစ်**

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

ဒေါက်တာအောင်ကိုကို(ဆေးမှူးချုပ်)သည် ၈-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လုပ်ငန်းခွင်ကျန်းမာရေးဆေးပညာအဖွဲ့၊**
**မြန်မာနိုင်ငံဆရာဝန်အသင်း။**

## ဦးတင်မြင့်(ခ)ဦးငွေလျှံ

**အသက်(၇၇)နှစ်**

**လှကြေးမုံဓာတ်ပုံတိုက်**

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊(၃၉)လမ်း၊အမှတ်(၂၀၇)၊ ပထပ်ယာနေ (ဦးကြည်ဝမ်-ဒေါ်ကျန်)တို့၏ သားကြီး၊ ဒေါ်ကျင်ဟို၏ ခင်ပွန်း၊ မသန်းသန်းဝင်း-ကိုခင်ဇော်၊မယဉ်ယဉ်မြ၊မမြမြသန်း၊ မစန်းစန်းမြင့်၊ ကိုတင်မောင်ဆွေ-ယဲ့ယုံရှု၊ မမြမြဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၀-၉-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၃၉လမ်း နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးကိုကိုဦး (၃၉)နှစ်

ရန်ကုန်တိုင်း၊ ထောက်ကြန့်မြို့၊ တိလောကရပ်ကွက်၊ မိတ္တလမ်း၊ အမှတ်(၄၂)နေ ဦးမြင့်ကို-ဒေါ်ခင်မြိုင်တို့၏ သား၊ ဦးမောင်ကို(ခရိုင်ဦးစီးမှူး၊ ပြန်/ဆက်၊ ရမည်းသင်းမြို့)-ဒေါ်နီနီ၊ ဒုတိယဗိုလ်မှူးကြီးမြင့်ကျော် - ဒေါ်ခင်မြင့်ရီ (အထက-၃၊ထောက်ကြန့်)၊ (ဗိုလ်မှူးချစ်ငွေ)-ဒေါ်ခင်မြင့်သီ (အထက-၃၊ ထောက်ကြန့်)၊ ဗိုလ်ကြီးထွန်းထွန်းဦး(ငြိမ်း)-ဒေါ်ခင်ခင်လေး (အလက-အင်းယား)၊ [ဒေါ်ခင်မြင့်ကြည်(ခ) မဖြူ]တို့၏ ညီ/မောင်၊ ဗိုလ်ကြီးခင်မောင်ဝင်း-ဒေါ်ခင်နှင်းဆီတို့၏ အစ်ကို၊ မောင်နိုင်လင်းကို၊ မခင်သီတာကို၊ မသူဇာလင်းကို၊ မောင်ထွန်းလင်းကို၊ မောင်ချစ်ရဲမင်းထွဋ်၊ မောင်ဟိန်းထက်ကျော်၊ မငြိမ့်ယမုံထွန်း၊ မသိမ့်စန္ဒီထွန်းတို့၏ဦးလေးသည် ၈-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၉-၂၀၀၄(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

**ရဟန်းဒါယကာ**

## ဦးထွန်းရွှေ(ခ)ဦးမူတူး

**အသက်(၇၃)နှစ်**

**(ခတ္တိယ အုဖ္ဖိ)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ ဦးညိုလမ်းသွယ်(၆)လမ်း၊ အမှတ်(၁၂၃)နေ (ဦးစိန်ထွန်း-ဒေါ်ငွေခင်)တို့၏ သား၊ (ဦးဖိုးတုတ်-ဒေါ်စု)တို့၏သားသမက်၊ ဒေါ်ခင်လှိုင်၏ခင်ပွန်း၊ ဦးစိန်မြင့်-ဒေါ်ဝင်းကြည်၊ ဒေါ်ကြူကြူမေ၊ ဦးရင်သိန်း-ဒေါ်ကြည်ကြည်ငြိမ်း၊ ဦးစိန်ဝင်း-ဒေါ်သန်းသန်းယုတို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၉-၉-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ပွဲစားကြီးဦးကျော်ဟိန်း

**အသက်(၆၆)နှစ်**

မန္တလေးမြို့၊သဘော်တန်းရပ်၊ အမှတ်(၃၄)နေ (ဦးဘလွင်-ဒေါ်အုန်းလှိုင်)တို့၏ သား၊ (ဒေါ်စိန်လွင်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမြတ်ကိုကို-ဒေါ်နီနီမော်တို့၏ညီ၊ မန္တလေးမြို့(၂၅)လမ်း၊ (၈၉x၉၀)လမ်းကြားနေ ဦးအောင်ကျော်-ဒေါ်ခင်ခင်၊ ရန်ကုန်မြို့နေ ဦးထွန်းနေမျိုး(စုံစမ်းရေးမှူး-စစစ)-ဒေါ်ငွေးငွေးလွင်၊ မန္တလေးမြို့နေ မငွေးငွေးစိန်၊ မောင်ထွန်းအောင်ကျော်-မစန္ဒာ၊မဝါဝါခင်၊ မောင်စိုးလှိုင်-မဝါဝါလွင်၊ မောင်အောင်နိုင်ထွန်း-မမော်မော်လွင်၊ မသင်းသင်းကျော်၊ မောင်အောင်အောင်၊ မသန္တာကျော်တို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး ပွဲစားကြီးဦးကျော်ဟိန်းသည် ၉-၉-၂၀၀၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ကြာနီကန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီး ရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

**ပေါင်းတည်အသင်း(ရန်ကုန်)**

## ဒေါ်မြသွယ်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ (၅၂-ဘီ)၊ မြိုင်ဟေဝန်လုံးချင်းအိမ်ရာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဗိုလ်မှူးညွန့်မောင်)၏ဇနီး၊ ရာသက်ပန်အသင်းဝင် ဦးတင်မြင့်၏ မိခင်၊ ရာသက်ပန်အသင်းဝင် ဒေါ်မြသွယ်သည် ၉-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၉-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့်ကမာရွတ် လှည်းတန်းဂုံးဆင်း အထက-၅၊ ရှေ့စုရပ်တို့မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

**ဘုရားသိမ်ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်တင့် (၈၅)နှစ်

**(ပဲခူး-သဏ္ဍလ)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၅၅)လမ်း၊ အမှတ်(၄၈)နေ (ဦးလှမောင်-ပဲခူး)၏ ဇနီး၊ (ဦးရွှေအုပ်-ဒေါ်သဲကြွေ)တို့၏ သမီး၊ ဦးစိုးဝင်း၊ (ဦးဘိုးတန်-ဒေါ်မြင့်မြင့်အေး)၊ (ဦးဇော်ဝင်း)-ဒေါ်ခင်စန်းရီ(ဘရေ၊ ငြိမ်း)၊ (ဦးစိန်ထွန်းကြည်)-ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်ရီရီမြင့်(စာရင်းစစ်မှူး၊ ငြိမ်း)-ဦးသိန်းမြင့်(စာရင်းဦးစီးမှူး၊ ငြိမ်း)၊ ဒေါ်တိုးတိုးရီ(ခ)ယမုံဦး(မန္တလေးမွန်မျက်မှန်)၊ မသီတာ(ခ)ဆရာမစောယုနန္ဒာ၊ ဦးသိန်းနိုင်(လ/ထ၊ မြို့နယ်ပညာရေးမှူး၊ ကော့မှူး)-ဒေါ်နှင်းနှင်းသော်(ကော့မှူး၊ အမက၊ ကျောင်းအုပ်)၊ (ဦးတင်ထွန်း-ဒေါ်နှင်းနှင်းမော်)တို့၏ မွေးသမိခင်၊ မြေး ၂၅ယောက်တို့၏ အဘွားသည် ၈-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

**ရဟန်းဒါယကာကြီး**

## ဦးအေးဖေ(၆၈)နှစ်

**(နတ်စင်ကုန်း)**

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊အမှတ် ၈၀/B)၊ဗဟိုလမ်း၊ သုံးလွှာနေ ဒေါ်ခင်စီ၏ ခင်ပွန်း၊ တူ၊တူမများ၏ဦးလေး ဦးအေးဖေသည် ၉-၉-၂၀၀၄(ကြာသပတေးနေ့)တွင် နိုက်တင်ဂေးအထူးကု ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၁-၉-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများမွန်းလွဲ ၁၂:၃၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးခင်စိုး (၅၁)နှစ်

**(BOSUM)**
**M.V Globel Discovery**
**Multi-Gate Corp.,Ltd.**

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃၁၄)၊ အခန်း(၂)နေ ဒုတိယဗိုလ်မှူးကြီးသူရကျင်တင် (ငြိမ်း-တပ်မတော်- ရေ)-ဒေါ်စန်းမြင့်တို့၏ သားကြီး၊ ရန်ကုန်မြို့နေ ဦးတင်ဦး-ဒေါ်ခင်သန်းတို့၏ သားသမက်၊ ဦးမျိုးမြင့်-ဒေါ်ချိုချိုထွန်း၊ ဒေါ်စန်းစန်းခိုင် (KMO & Family Co.,Ltd)၊ ဦးမင်းစိုး-ဒေါ်သီတာခိုင် (နည်းပြ၊ စက်၊ စိုက်၊ သက်ဦးစီးဌာန)၊ ဦးသက်တင်အောင်တို့၏ အစ်ကိုကြီး၊ အမှတ် (၂၆) ၄/B၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းသန်းနု၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်ခိုင်ဝင်းစိုး၊ မဝါဝါဝင်းစိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်စောနိုင်ထွန်း၊ မောင်ဆန်းမျိုးထွန်းတို့၏ ဦးလေးသည် ၆-၉-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

## ကိုအောင်ထွန်းထွန်း

**အသက်(၃၂)နှစ်**

**(နွားထိုးကြီး)**

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ အမှတ်(၆၆၃)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၀)ရပ်ကွက်နေ ဦးတင်မွေး(မြန်မာ့စိုက်ပျိုးရေး၊ ငြိမ်း)-ဒေါ်ဝင်းဝင်းတင့်တို့၏ သား၊ ကိုဇာနည်မျိုး-မအေးသီရိကြည်၊ မစောဥမ္မာ(မြို့တော်စည်ပင်)တို့၏ ညီ/မောင်၊ ကိုဇော်မင်းထိုက် - မသန်းသန်းထွေး၊ မောင်ထက်အာကာစိုးတို့၏ အစ်ကို၊ ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်တောင်ပိုင်း၊ (၇၂)ရပ်ကွက်နေ မနွဲ့နွဲ့ရီ၏ ခင်ပွန်း၊ မသုန္ဒရီအောင်၏ ဖခင် ကိုအောင်ထွန်းထွန်းသည် ၈-၉-၂၀၀၄ရက် ည ၈:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ ရက်တွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဝဏ္ဏကျော်ထင်

## ဦးရှိန်(၉၈)နှစ်

**အငြိမ်းစားခရိုင်ဝန်**
**(မုံရွာ)**

စစ်ကိုင်းတိုင်း၊ချောင်းဦးမြို့နေ(ဦးပိုင်-ဒေါ်ခန့်)တို့၏သား၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်ကွက်၊ဘုတာလမ်း၊အမှတ်(၂၀) နေ(ဒေါ်ခင်လှ)၏ခင်ပွန်း၊ ဒေါ်ငွေတင်(ဒေါ်ငွေရင်)၊ဒေါ်လှအေး၊ ဒေါ်လှငွေး၊ဒေါ်လှကြွယ်-ဦးဘကျား တို့၏အစ်ကိုကြီး၊ ဦးဝင်းရှိန်-ဒေါ်ရီရီချစ်၊ဒေါ်နုနုခင်-ဒေါက်တာ သန်းထိုက်၊ ဒေါ်နုနုရီ၊ဦးမျိုးရှိန်-ဒေါ်မိမိလေး၊ဒေါ်မေပုလဲ-ဦးသန်းလွင်၊ဒေါ်သန်းသန်းမြင့်၊ဦးဘိုဘို-ဒေါ်မျိုး မေ၊ဒေါ်ကြည်ကြည်ဝင်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၂ယောက်တို့၏အဘိုး၊ တူ၊တူမငါးယောက် တို့၏ဦးလေး ဦးရှိန်သည် ၉-၉-၂၀၀၄ရက် နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ရက် ညနေ ၄နာရီတွင် မုံရွာမြို့သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရွှေတင် (၉၆)နှစ်

**(ဆိပ်ဖြူ)**

ဆိပ်ဖြူမြို့၊ အရှေ့ပိုင်း၊ ယောဝရပ်နေ (ဦးပေါ-ဒေါ်အိမ်သာ)တို့၏ သမီး၊ (ဦးမောင်ကလေး)၏ ဇနီး၊ ဦးအောင်ကွန့်(ကျောင်းဆရာကြီး၊ ငြိမ်း)-ဒေါ်တင်အုန်းကြည်၊ ဒေါ်တင်ဝင်း-ဗိုလ်ကြီးတင်အောင်(ငြိမ်း)၊ ဒေါ်သိန်းသိန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)၊ ဒေါ်မြင့်မြင့်-ဒေါက်တာဦးသန်းလွင်(ခရိုင်ဆရာဝန်ကြီး၊ ငြိမ်း)၊ ဦးစိုးဝင်း(ဆိပ်ဖြူ)-ဒေါ်ခင်တီ(သူနာပြုအုပ်၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)၊ ဦးစိုးလင်း(လက်ထောက်တပ်စာရင်းကိုင်၊ ငြိမ်း)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ ဦးအောင်မျိုး(အောင်တံခွန်သစ်စက်)-(ဒေါ်ဥမ္မာလွင်)၊ ဗိုလ်မှူးဒေါက်တာဝင်းဝင်းအောင်- ဗိုလ်မှူးထွန်းထွန်းစိုး၊ ဒေါက်တာရီရီအောင်(မျက်စိအထူးကုဆရာဝန်၊ မျက်စိဆေးရုံ၊ ရန်ကုန်)၊ ဒေါ်ခိုင်ခိုင်အောင်-ဦးစိုးအောင်(MD အောင်ဇေကုမ္ပဏီ)၊ ဒေါ်မွန်မွန်အောင်၊ ဒေါက်တာအောင်ထွေးဝင်း(အေဝမ်းလျှပ်စစ်၊ လမ်း-၃၀)၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ရွှေတင်သည် ၆-၉-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁:၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

[ကွယ်လွန်သူမိခင်ကြီးအား ရည်စူး၍ ၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်(၁၈/၂၃)၊ လေဆိပ်ရိပ်သာလမ်းသွယ်(၂) ဦးတင်အောင်-ဒေါ်တင်ဝင်းတို့၏ နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

## ဒေါ်ရွှေတင်

**အသက်(၉၆)နှစ်**

**(ဆိပ်ဖြူ)**

ဆိပ်ဖြူမြို့၊ အရှေ့ပိုင်းယောဝရပ်နေ (ဦးပေါ-ဒေါ်အိမ်သာ)တို့၏ သမီး၊ (ဦးမောင်ကလေး)၏ ဇနီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၁၇)၊ (၄၂)လမ်းနေ Dr. U Than Lwin(ခရိုင်ဆရာဝန်ကြီး၊ ငြိမ်း)-ဒေါ်မြင့်မြင့်တို့၏ မိခင်၊ မအေးအေးမြင့်-ကိုသန်းငွေးနိုင်၊ မအေးသန္တာလွင် (ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)၊ (မောင်သူရလွင်)၊ မောင်ဝဏ္ဏလွင်-မမြခင်မာတို့၏ အဘွား ဒေါ်ရွှေတင်သည် ၆-၉-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁:၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

[ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်(၁၈/၂၃)၊ လေဆိပ်ရိပ်သာလမ်းသွယ်(၂)၊ ဦးတင်အောင်-ဒေါ်တင်ဝင်းတို့၏ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးထင်ချို(၅၆)နှစ်

**Managing Director**
**Shinning Star Tour Express Co.,Ltd.**
**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း**
**(စာတိုက်/ကြေးနန်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ်(၄)နေ (ဦးချိုအေး-ဒေါ်မြဆု)တို့၏ သား၊ (ဦးထွန်းမြိုင်-ဒေါ်ရှဲလာ)တို့၏ သားသမက်၊ ဒေါ်သန်းမူ၏ ချစ်လှစွာသောခင်ပွန်း၊ မချိုချိုဝင်း-ကိုမင်းထွန်းသိန်း၊ ကိုသန်းထင်အောင်-မယမင်းသီရိ၊ မချိုချိုယဉ်၊ မမြတ်မြတ်ချို၊ ကိုရဲထင်အောင်တို့၏ ဖခင်၊ မမြတ်နိုးပွင့်ဖြူ၊ မချမ်းမြေ့မွန်တို့၏ အဘိုးသည် ၉-၉-၂၀၀၄ (ကြာသပတေးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၁-၉-၂၀၀၄(စနေနေ့) နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်အင်းစိန်လမ်း၊ အမှတ်(၁၀၈)-အေ၊ ဧဝံဂေလိအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဦးသာဒွန်းဦး(၉၈)နှစ်

**(အင်္ဂပူ)**

ရန်ကုန်မြို့၊ အမှတ်(၃)၊ အောင်မင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းနေ (ဦးပြားကြီး-ဒေါ်မြ)တို့၏သား၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ (ဦးကျော်ရှိန်-ဒေါ်သာရ)၊ (ဒေါ်ခင်ဆွေ)၊ ဒေါ်မြထွေး(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း၊ အထက-၂၊ စမ်းချောင်း)တို့၏ အစ်ကိုကြီး၊ (ဦးအုန်းကျော်၊ ဒုညွှန်ချုပ်၊ ငြိမ်း၊ မိုး/ဇလဦးစီးဌာန)-ဒေါ်မြမြ(မန်နေဂျာ၊ ငြိမ်း၊ MEIS)တို့၏ ဖခင်၊ ဒေါ်အိအိကျော်၊ဒေါက်တာစည်သူဝင်း-ဒေါက်တာခိုင်ခိုင်ကျော်တို့၏ အဘိုး၊ မောင်ငြိမ်းချမ်းစည်သူဝင်း၏ဘိုးဘိုးကြီးသည် ၁၀-၉-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

၁၆-၉-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအတွင်း အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

**အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီအဗ္ဗဒူရ်ဟာကင်(မ်)(ခ) ဦးခင်မောင်လတ်

**အသက်(၆၇)နှစ်**

**တကကာ/စရ(ပ) (ငြိမ်း)**

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ အမှတ်(၄)၊ ဘုရားလမ်းနေ (ဦးကာစင်-ဒေါ်စိန်မေ)တို့၏ သားလတ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ စကားဝါလမ်း၊ အမှတ်(၁၆)နေ (ဟာဂျီဦးမူရာဒ်-ဒေါ်အုံးတင့်၊ စတားပုံနှိပ်တိုက်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၉၉)၊ (၂၇)လမ်းနေ ဒေါ်ရိုကီယာ(ခ) ဒေါ်ခင်သန်းဝေ၏ ခင်ပွန်း၊ ဟာဂျီဦးအောင်ကျော်ဦး(B.Sc Phy)-ဒေါ်သန်းသန်းအေး(ခ)မဝိုင်း၊ ဦးအာဂျူတီလီလ်-ဒေါ်ရီရီမြင့်၊ ဟာဂျီဦးထွန်းထွန်းလတ်-ဒေါ်ယုယုသန်း(B.Sc Phy)၊ မထွေးထွေးလတ်၊ ဦးထွဋ်ထိပ်-ဒေါ်ငွေးငွေးလတ်၊ မစီစီလတ်၊ မောင်သန်းထူးလတ်တို့၏ မွေးသဖခင်၊ မိုဟာမက်တီလ်လီ၊ မစ်ပါးတီလ်လီ၊ သူရထွန်း၊ ယွန်းဝတီထွန်း၊ လတ်ယမင်းထွဋ်တို့၏ အဘိုးသည် ၈-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ အဆွာရ်အပြီးတွင် သန်လျင်ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။** R/184

# နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၉ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူများ အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မဒမ်မယ်ဂါဝါတီ ဆူကာနိုပူထရီထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မြန်မာနိုင်ငံတော်သို့ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့် အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်** General Somdhat Attanand **နှင့် ဇနီး** Madame Khunying Suppanapa Attanand **နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**



### ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel Kasam Nakpun နှင့်တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ✧



# မြန်မာ့သဘာဝဓာတ်ငွေ့များ ထိုင်းနိုင်ငံက ပိုမိုဝယ်ယူလို

ယခုအခါသဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံမှ ပိုမိုတိုးတက်ဝယ်ယူလိုမှုအရ ရဲတံခွန် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းတွင် နောက်ထပ်တွင်းသစ် လေးတွင်းကို ၂၀၀၄ ခုနှစ် ဩဂုတ်လကုန်တွင် တူးဖော်အောင်မြင်ခဲ့ပြီးဖြစ်၍ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၄၀၀ အထိ တိုးမြှင့်ရောင်းချတော့မည်ဖြစ်သည်။ ထပ်မံတူးဖော်သော တွင်းသစ်များမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁၄၅ သန်းခန့်ထွက်ရှိနေရာ ယခုအခါ ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ စုစုပေါင်းနေ့စဉ်သဘာဝ ဓာတ်ငွေ့ကုဗပေသန်း ၅၀၀ အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ပြီး ထိုင်းနိုင်ငံသို့ တိုးမြှင့်ရောင်းချမှုကိုမကြာမီ စတင်ရန်ရှိကြောင်း သိရှိရသည်။

(သတင်းအကျယ်ကို စာမျက်နှာ ၁၁ တွင် ဖော်ပြထားပါသည်။)

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ်** General Somdhat Attanand **အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)